## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-982-7-7
9 789998 698277 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၁၀၀ / ၂၀၂၂ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

1. **So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".**
2. **Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.**
3. **Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ )

## မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) တွင်ပြောကြားသည့် အမှာစကား ၇

၂။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြောကြားသည့်အမှာစကား ၁၄

၃။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၉

၄။ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၂၁

၅။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား ၂၃

၆။ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သျှရီမဟာလက်ချ်မီးမယ်တော်ကြီးဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံး ပွဲတော်တစ်ခုဖြစ်သော ဒီပါဝလီ မီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား ၂၈

၇။ Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၃၂

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၆

၉။ နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၃၉

၁၀။ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၃
၁၁။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား ၄၈
၁၂။ မန်းရွှေစက်တော်ရာဘုရား၊ စကြာပန်းတောင်းစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်နှင့် မကွေးမြသလွန်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်စဉ် ပြောကြားသည့်အမှာစကား ၅၆
၁၃။ တပ်မတော်ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ) သို့ သွားရောက်စစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၅၆
၁၄။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား နယ်မြေခံတပ်၊ သီဟသူရကျောင်းစံခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၅၇
၁၅။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား မကွေးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား ၅၉

## သဝဏ်လွှာများ

၁။ (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၆၅
၂။ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၆၉

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား

(၁ - ၁၁ - ၂၀၂၂)





ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂)ကို နိုဝင်ဘာလ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန် ခရိုင်များတိုးချဲ့ဖွဲ့စည်းခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန်အတွက် ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ခရိုင်အဆင့်အနေဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို စွမ်းဆောင်ရည်အရ ပိုမိုထိရောက်စွာဖြင့်ဆောင်ရွက်နိုင်ကြောင်း၊ ထပ်မံတိုးချဲ့ခဲ့သည့် ခရိုင်များတွင် ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သောဌာနများနှင့်ရုံးများကို ဖွင့်လှစ်ပေးထားကြောင်း၊ တရားဥပဒေရေးရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရားရုံးနှင့် ဥပဒေရုံး၊ အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဦးစီးဌာနများကို ပထမဦးစားပေးအနေဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME) များ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်**

ပြီးခဲ့သည့် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များကို သွားရောက်ခဲ့ပြီး အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများဆောင် ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် အစိုးရများပြောင်းလဲမှုများတွင် မူဝါဒကွဲပြားမှုများကြောင့်လုပ်ငန်းများအောင်မြင်သင့်သလောက်အောင်မြင်မှုမရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏စီးပွားရေးမြှင့်တင်ရေးအတွက် MSME လုပ်ငန်းသည် အဓိကကျသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပေးထားပြီးဖြစ်

ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

**ပြည်တွင်းကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးရှိ**

MSME လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိစေကြောင်း၊ MSME လုပ်ငန်းအတွက် အဓိကလိုအပ်ချက် ၄ ခုရှိပြီး ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်မှုမရှိစေရန် ပြည်ပမှကုန်ကြမ်းများဝယ်ယူခြင်းထက် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများနှင့် သဘာဝသယံဇာတကုန်ကြမ်းများကို အသုံးပြုမည်ဆိုပါက နိုင်ငံခြားငွေကြေးသုံးစွဲမှုများကိုပါ သက်သာစေမည်ဖြစ်ကြောင်း၊ အချက်အချာကျသည့်ဒေသများတွင် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဓိကျသည့် ခရိုင်မြို့ကြီးများတွင် ဆောင်ရွက်ရန်အတွက်လည်း မိမိအနေဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပြီး မြို့ကြီးပြကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်မြို့များတွင် စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် MSME လုပ်ငန်းသည် ပိုမိုအကျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျလျောင်မွေးသည့် စနစ်ဖြင့်မွေးမြူမည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်း (MSME)များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးထားမှုနှင့် ပြန်လည်ပေးဆပ်ရန် လိုအပ်မှု**

နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး ချေးငွေများကို ခေါင်းစဉ်အလိုက်ထုတ်ချေးပေးထားကြောင်း၊ အဆိုပါချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကိုလည်း လုပ်ငန်းရှင်များ၏ တောင်းဆိုမှုများကြောင့် သတ်မှတ်ကာလတစ်ခုသို့ ရွှေ့ဆိုင်းပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် လည်ပတ်ငွေများရှိနေမှသာလျှင် စီးပွားရေးလုပ်ငန်းများသည်လည်း တိုးတက်ကောင်းမွန်မည်ဖြစ်သဖြင့် ချေးငွေများကိုသတ်မှတ်အချိန်အတွင်း အချိန်မီပြန်လည်ပေးဆပ်ကြရန်လိုကြောင်း၊ အဆိုပါချေးငွေများ ပြန်လည်ရရှိမှသာ နိုင်ငံတော်အနေဖြင့် အခြားလိုအပ်သူများကို ထပ်မံထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ အားလုံးမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

**ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများရရှိရန်လိုအပ်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများအနေဖြင့် လျှပ်စစ်ဓာတ်အားနှင့် လောင်စာများ၊ စက်သုံးဆီများ၊ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် တိရစ္ဆာန်အစာများလိုအပ်ကြောင်း၊ စက်သုံးဆီနှင့် မြေသြဇာများမှာ အဓိကလိုအပ်ချက်များဖြစ်

ကြောင်း၊ ဓာတ်မြေသြဇာများနှင့် စက်သုံးဆီများလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေသြဇာသည်အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မြေသြဇာများ ထုတ်လုပ်နိုင်ရေးနှင့် ဇီဝမြေသြဇာများရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူ၍လည်း ဇီဝမြေသြဇာများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ပိုးသတ်ဆေး၊ လျှပ်စစ်နှင့်လောင်စာများ လုံလောက်စွာရရှိရန်လိုကြောင်း၊ စွမ်းအင်အတွက် ဂတ်စ်နှင့်ကျောက်မီးသွေးများ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွင်းအားစုများလုံလောက်စွာရရှိမှသာ ထုတ်လုပ်မှုများကိုလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန်လိုအပ်**

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာ အရည်အသွေးရှိသည့် လုပ်သားအင်အားများရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသားတင်စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေတွင် အသက် ၂၄ နှစ်မှ ၇၄ နှစ်အကြား အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေသည် သန်း ၃၀ ခန့်ရှိသဖြင့် လူတစ်ဦးလျှင်ပျမ်းမျှအားဖြင့် စိုက်ပျိုးမြေတစ်ဧကကျော်ကို လုပ်ကိုင်နိုင်သည်ဟု ယေဘုယျပြောနိုင်ကြောင်း၊ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ကျေးလက်ဒေသတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လုပ်အားများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်ရန်လိုကြောင်း။

အခြေခံလူသားအရင်းအမြစ်များရရှိရေးအတွက် ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုပညာရပ်များကို အခြေခံပညာကျောင်းများတွင် တိုးချဲ့သင်ကြားပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုး၊ မွေးမြူရေးနှင့်စက်မှုသိပ္ပံကျောင်းများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း၊ လူသားအရင်းအမြစ်သုံးရပ်ကို မဖြစ်မနေမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှလည်း လူသားအရင်းအမြစ်များရရှိရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

MSME လုပ်ငန်းများအတွက် နည်းပညာလိုအပ်ချက်များရှိကြောင်း၊ နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းဆောင်ရွက်ပေး၍ရကြောင်း၊ MSME လုပ်ငန်းများမှထွက်ရှိလာသည့် ထုတ်ကုန်များကို ကုန်စည်ပြပွဲများပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်ရရှိနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ ယခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ၆ လတာကာလအတွင်း ကုန်သွယ်မှုပိုငွေ ၃၅ ဒသမ ၅၁ သန်းရှိခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကိုပြန်လည်စိစစ်ကြည့်သည့်အခါ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း စက်သုံးဆီနှင့်စားသုံးဆီ၊ သံမဏိပစ္စည်း၊ ဓာတ်မြေသြဇာ၊ နို့ထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ တင်သွင်းခဲ့ရကြောင်း၊ ပြည်ပသွင်းကုန်များ လျှော့ချ

**ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် MSME လုပ်ငန်းသည် ပိုမိုအကျိုးဖြစ်ထွန်းသည်ကို တွေ့ရ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများစွာရှိ၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျလှောင်မွေးသည့် စနစ်ဖြင့်မွေးမြူမည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လို၊**

နိုင်ရေးအတွက် MSME လုပ်ငန်းများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်အရည်အသွေးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များရရှိမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

**ပြည်ပမှစက်သုံးဆီနှင့် စားသုံးဆီများတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်**

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ စက်သုံးဆီတင်သွင်းမှုကိုလျှော့ချနိုင်ရန် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကိုပိုမိုထုတ်လုပ်နိုင်ရန်အတွက် မိမိအနေဖြင့် တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်ရန်လိုကြောင်း၊ စက်သုံးဆီများ ချွေတာသုံးစွဲရန်လိုအပ်ကြောင်း၊ ကုန်စည်များ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း ရထားဖြင့် ပို့ဆောင်သည့်စနစ်ကို အဓိကထားဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုကို လျော့ကျစေမည်ဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများတွင် အားနည်းချက်များရှိနေသေးကြောင်း၊ စက်သုံးဆီသုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ နီးစပ်ရာအလိုက် စုပေါင်းအကောင်အထည်ဖော်မှုဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများ၏ တစ်ဧကအထွက်နှုန်းကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဆီထုတ်လုပ်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်သုံးဆီနှင့်စားသုံးဆီများ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျော့ကျသွားမည်ဖြစ်ကြောင်း။

**နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် စက္ကူများထုတ်လုပ်နိုင်ရန်လိုအပ်**

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များရှိကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများ နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေသကဲ့သို့ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် ကျောင်းသုံးစာအုပ်များအတွက် စက္ကူများလိုအပ်လျက်ရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူထုတ်လုပ်နိုင်သည့် သစ်နှင့်ဝါးများ အလျှံပယ်ရှိသကဲ့သို့ စက္ကူစက်ရုံများလည်းရှိပြီးဖြစ်ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် စက္ကူများထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတွင်ရှိပြီးဖြစ်သည့် စက္ကူစက်ရုံများမှ စက္ကူများထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အလားတူစက္ကူပျော့ဖတ်များကိုလည်း ထုတ်လုပ်နိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းများ တဖြည်းဖြည်းကျဆင်းလာကြောင်း၊ တရားမဝင်သစ်ထုတ်လုပ်မှုများ ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သစ်တောများပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးတောများစွာရှိကြောင်း၊ ဝါးများကို အသုံးပြု၍ စက္ကူများကိုထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများအလိုက် ဝါးထုတ်လုပ်ရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့်ဆောင်ရွက်ကြစေလိုကြောင်း၊ သစ်တောများပြန်လည် ဖုံးလွှမ်းရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်တောများပြန်လည်စိုက်ပျိုးရေးတွက် လာမည့်မိုးရာသီမှစ၍ အမျိုးသားရေးရည်မှန်းချက်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း၌စက္ကူများ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

**ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ဘတ်ဂျက်ငွေများကို အကျိုးရှိစွာအသုံးချရန်လို**

နိုင်ငံတော်အနေဖြင့်ကောက်ခံရရှိသည့် အခွန်ငွေ

များဖြင့် လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနအလိုက် သုံးစွဲငွေများကို စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုပြီး မလိုလားအပ်သည့် ငွေကြေးသုံးစွဲမှုများမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ကြီးဌာနများအနေဖြင့် အရှုံးအမြတ်များရှိသော်လည်း တတ်နိုင်သမျှ အရှုံးမရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် လိုအပ်မှုမရှိသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော်ယခုအခါတွင် လိုအပ်ချက်အရသာ နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပုဂ္ဂလိကလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းများ ကျဆင်းမှုမရှိအောင်ဆောင်ရွက်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**အဖိုးတန်ရေကို ချွေတာသုံးစွဲရန်လိုအပ်**

ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် ယခင်နှစ်ကာလတူထက် မိုးရေချိန်နည်းပါးသောကြောင့် အချို့သော ဆည်များအတွင်းသို့ ရေဝင်ရောက်မှုများလျော့နည်းကြောင်း၊ ထို့ကြောင့် ဆည်ရေများကို စိုက်ပျိုးရေးလုပ်ငန်းများ၌သုံးစွဲရာတွင် ထိထိရောက်ရောက်ဖြင့် စနစ်တကျသုံးစွဲကြရန်လိုကြောင်း၊ ရေကိုအဟောသိကံသုံးစွဲခြင်းများမပြုလုပ်ဘဲ ရေကိုချွေတာသုံးစွဲကြရန်လိုကြောင်း၊ လာမည့်နွေရာသီ၌ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးစသည့် မြေလတ်ဒေသများတွင် ရေရှားပါးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ရေရရှိရေးအတွက် တာဝန်ရှိသူများကကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် **"အဲ့ဒီတော့ ကျွန်တော့်ရဲ့မူဝါဒမှာ ကျွန်တော်ပြောပြီးဖြစ်ပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့သည် တိုင်းပြည်က သာယာဝပြောရမယ်။ စားရေရိက္ခာပေါများရမယ်။ ကျွန်တော်တို့ လက်ရှိ** အထွက်နှုန်းအရဆိုလို့ရှိရင် ဆန်လည်းကျွန်တော်တို့ ပိုပါတယ်။ ပဲတွေ ကျွန်တော်တို့ နိုင်ငံခြားတောက်လျှောက် ပို့ပါတယ်။ ဆီထွက်သီးနှံလည်း အလားတူပို့နေတာရှိပါတယ်။ အဲ့ဒီတော့ ဒီထက်ပိုအောင်လုပ်နိုင်ဖို့ ကျွန်တော်တို့ အခွင့်အလမ်းရှိပါတယ်။ စောစောကပြောတဲ့ စိုက်ဧက ၃၃ သန်း၊ အဲ့ဒီစိုက်ဧက ၃၃ သန်းမှာ သီးထပ်တို့၊ သီးညှပ်တို့ ရအောင်စိုက်မယ်ဆိုရင် ကျွန်တော်တို့ အထွက်နှုန်းတွေအများကြီး ပိုလာပါလိမ့်မယ်။ ကျွန်တော်ကလည်း မူဝါဒကတော့ စိုက်ဧကမတိုးချဲ့ဖို့ ပြောထားပါတယ်။ စိုက်ဧကကတော့ မထိခိုက်ဖို့လိုပါတယ်။ လုပ်ချင်လို့ရှိရင် မြေကွက်ဖော်၊ အသစ်ဖော်ပြီးလုပ်ပါ။ စိုက်ပျိုးမြေတော့ လာမထိပါနဲ့။ အဲ့ဒီတော့ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်နဲ့လုပ်မယ်။ သီးထပ်စားရအောင်လုပ်မယ်၊ တိုးမြှင့်အောင် လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည် ဒီထက်ဝင်ငွေ များစွာရမှာဖြစ်ပါတယ်။ သေချာပေါက်ဖြစ်ပါမယ်။ ဒါ့ကြောင့် ဒါကိုကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများရော၊ ဝန်ကြီးချုပ်များကနေပြီးတော့ အမြဲတမ်းထည့်သွင်းစဉ်းစားပြီးတော့မှ ဦးစားပေးအနေနဲ့ စားရေရိက္ခာပေါများရေး၊ ထွက်လာတဲ့ဟာ များများရောင်းရလို့ရှိရင် တိုင်းပြည်ဝင်ငွေရရင် တိုင်းပြည်သာယာဝပြောမှုဖြစ်မှာပဲ။ တိုင်းပြည်သာယာဝပြောတယ်ဆိုတာ ငွေချမ်းသာဖို့လည်းရှိလိမ့်မယ်။ စိတ်ချမ်းသာဖို့လည်းလိုတယ်။ ငွေချမ်းသာဖို့ စိတ်ချမ်းသာဖို့လိုတယ်။ တရားဥပဒေစိုးမိုးရေး ဖြစ်ဖို့လည်းလိုတယ်။ ဒါမှတိုင်းပြည်သာယာဝပြောမှာပေ့ါ။ ဒါမှမဟုတ်ရင် ကျွန်တော်တို့က တပူပူနဲ့။ ငွေကတော့ ချမ်းသာပါတယ်။ လုံခြုံမှုမရှိလို့ရှိရင် အထုပ်ပိုက်ပြီးတော့ ကင်းစောင့်ပြီး အိပ်နေရမှာပေ့ါ။ ငါ့ပစ္စည်း ဘယ်အချိန်ဘာလုမလဲဆိုပြီး ဖြစ်နေရမှာ။ ဒါတွေကလည်းရှိသေးတာပေ့ါ။ ရည်မှန်းချက်က တကယ့်ကို တိုင်းပြည်အတွက်ဖြစ်သင့်တဲ့ရည်မှန်းချက်ပါ။ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေး။ ဒါကို ကျွန်တော်တို့ သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် စားရေရိက္ခာပေါများရေးတော့ ပြည်နယ်နဲ့တိုင်းဝန်ကြီးချုပ်များရော ပြည်ထောင်စုဝန်ကြီးများရော သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ပေးကြဖို့ ကျွန်တော်ပြောလိုပါတယ်။ တိုင်းပြည်သာယာဝပြောရေးဆိုလို့ရှိရင်လည်း တရားဥပဒေစိုးမိုးရေးနဲ့ ခုနကပြောတဲ့ ထွက်ကုန်ပစ္စည်းတွေ များများလုပ်ပြီးတော့မှ ပြည်သူ

**လူထုဝင်ငွေရရှိရေး၊ ပြည်သူလူထုချမ်းသာရေးလုပ်ပေးဖို့က ကျွန်တော်တို့လုပ်ဖို့လိုပါတယ်။ ဒါဆိုလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ အစိုးရရဲ့တာဝန်ကျေတယ်လို့ ပြောချင်ပါတယ်။ အဲ့လိုမဟုတ်ရင်တော့ အစိုးရရဲ့တာဝန်မကျေဘူး။ ကျွန်တော်တို့ လုပ်သွားတဲ့ဟာကို မှတ်ကျောက်တင်နေတာပဲ အခုအချိန်မှာ၊ နောင်တက်လာတဲ့ အစိုးရလည်း နောင်တက်လာတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရကို ဝေဖန်လိမ့်မယ်။ ကျွန်တော်တို့လည်း ပြီးခဲ့တဲ့အစိုးရ ကျွန်တော်တို့ ဝေဖန်ခဲ့တယ်။ ပြီးခဲ့တဲ့အစိုးရနှစ်ဆက်ကို ဝေဖန်ခဲ့တယ်။ အချို့ဟာတွေမှာ အရင် နဝတ၊ နယကတုန်းက ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြောခဲ့တာရှိတယ်။ အဲ့ဒီတော့ ကောင်းတဲ့ပြောတဲ့ဟာမျိုးကို ခံနိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ ဒီဟာကို အောင်မြင်အောင်လုပ်မှရမယ်ဆိုတာ။ ကျွန်တော်ခုနကပြောတဲ့ အကုန်လုံးဆက်စပ်ပြီးတော့ ခြုံငုံပြီးတော့ ရှင်းပြတာပါ။ အသေးစိတ်ပြောမယ်ဆိုရင် အချက်အလက်တွေ အများကြီးရှိတယ်။ ပြောလို့လည်းပြီးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဝန်ကြီးများကို ဒီနေ့အစည်းအဝေးမှာ ဒါလေးအလေးထားပြီးတော့ ကျွန်တော်မှာချင်ပါတယ်။”** ဟု ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၂၃ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့ကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ သရုပ်ပြယာဉ်များ၊ ပြခန်းများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နှစ်ပေါင်း ၇၅ နှစ်တွင် တစ်ကြိမ်သာရသည့်အခွင့်အရေးဖြစ်သည့်အတွက် ခမ်းနားထည်ဝါစွာဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း အဆင့်မီစွာကျင်းပနိုင်ရေးနှင့် အားကစားအဆင့်အတန်း ရေရှည်တိုးတက်ရေးအတွက်ပါ စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

ဝန်ထမ်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက အထက်အောက်ခွေးထွေးစွာဆက်ဆံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရာတွင် ညီညွတ်မျှတသော အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုအပ်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာနကချမှတ်ပေးသည့်မူဝါဒများကိုမှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအနေဖြင့် မူဝါဒများကို မှန်ကန်စွာချမှတ်ပေးရန်နှင့် အမိန့်နှင့်ညွှန်ကြားချက်များထုတ်ပြန်ရာတွင်လည်း ပီပြင်မှုရှိရန်လိုအပ်ကြောင်း၊ လုပ်ငန်းများတွင် ရှိပြီးစက်ပစ္စည်း၊ ဝန်ထမ်းအင်အားဖြင့် ဌာနအလိုက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ရန်လိုအပ်ကြောင်း၊ မလိုအပ်ဘဲ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရန်လိုအပ်ကြောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းလုပ်ဆောင်သည့်ဌာနလုပ်ငန်းတာဝန်အလိုက် မှန်ကန်စွာလုပ်ဆောင်ရန်လိုကြောင်း၊ လုပ်ခလစာတိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ တိုင်းပြည်၏ စီးပွားရေးမတိုးတက်ဘဲ ဆောင်ရွက်ပေး၍မရပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရသင့်ရထိုက်သည့် ဝင်ငွေများ အပြည့်အဝရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊

လျှပ်စစ်မီးသုံးစွဲမှုနှင့်စပ်လျဉ်း၍ အမှန်တကယ်လိုအပ်သလောက်သာ သုံးစွဲကြရန်နှင့် ရုံး၊ ဌာန၊ ဆေးရုံ၊ ကျောင်းများတွင် သဘာဝအလင်းရောင်ရရှိစေရေး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ထို့ပြင်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်းပြီး မြို့ရွာသန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဖိဖိစီးစီးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ဧကအမှန်ရရှိရေး စီမံဆောင်ရွက်ကြရန်လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်စိစစ်သွားရန်လိုအပ်ကြောင်း၊

ဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တစ်

နှစ်လျှင်ဝါးအလုံးရေ ၂၆၅ သန်းခန့် ထုတ်လုပ်နိုင်မည် ဟု ခန့်မှန်းထားပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့သည် ဝါး အများဆုံးထုတ်လုပ်နိုင်သည့်ဒေသများဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ ထွက်ရှိသည့်ဝါးများကို ပျော့ဖတ်အဖြစ် ထုတ်လုပ်မည်ဆိုပါက ပျော့ဖတ်တန်ချိန် ၄ သန်းခန့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းပျော့ဖတ်များဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်စက္ကူကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ပျော့ဖတ်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံအတွင်း တည်ဆောက်ထားရှိသည့် စက္ကူစက်ရုံများ လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းတွက်ချက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ပြည်ပပို့ကုန်ဆန်အထွက်နှုန်း ကောင်းမွန်တိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများကို သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သီးထပ်စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ လိုအပ်ချက်များကို သိရှိအောင်ကြိုးစားပြီး နိုင်ငံခြားဈေးကွက်ရရှိအောင်ဖော်ဆောင်၍ နိုင်ငံ၏စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

■ ■ ■

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ပြောကြားသည့်အမှာစကား

( ၄ - ၁၁ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ထားဝယ်မြို့၊ မြို့နယ်ခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကူညီပံ့ပိုးမှုများနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဆီထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထားဝယ်ခရိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာယုစိန်၊ အောင်ဇမ္ဗူကိုကိုးပျိုးပင်နှင့် ကိုကိုးတန်ဖိုးမြှင့်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးနေလင်းအောင်၊ ထားဝယ်ခရိုင် ကွမ်းသီးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဖြိုးပိုင်ဦး၊

**တနင်္သာရီတိုင်းဒေသကြီးအတွင်း ရာဘာစိုက်ပျိုးမှုများစွာရှိပြီး အဆိုပါရာဘာထုတ်ကုန်များကိုအသုံးပြု၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအတွက် တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလူသုံးပစ္စည်းအမျိုးမျိုးကို နည်းပညာအသုံးပြုကာ ပြည်တွင်း၌ အဆင့်မီထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအကျိုးကို ပိုမိုဖြစ်ထွန်းစေနိုင်မည်ဖြစ်။**

သြဇာမင်းသဘာဝမြေသြဇာထုတ်လုပ်ရေးစက်ရုံလုပ်ငန်းရှင် ဦးစိုးထက်အောင်၊ ရွှေညွှာထားဝယ်ခရိုင်ရိုးရာ ရက်ကန်းကော်မတီအဖွဲ့ဝင် ဦးနေမင်း၊ ထားဝယ်ခရိုင် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးအောင်ဝင်း၊ ရေထွက်ကုန်ပစ္စည်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းရှင် ဦးအောင်မင်းနိုင်၊ ရော်ဘာသစ်အခြေခံ သစ်အချောထည်စက်ရုံလုပ်ငန်းရှင် ဦးနော်အောင်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (တနင်္သာရီဇုန်) ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တက်ရောက်လာကြသူများက ထားဝယ်ခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ရော်ဘာထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အတိုး နှုန်းသက်သာသည့် ရင်းနှီးမတည်ချေးငွေများ လိုအပ်လျက်ရှိမှု၊ စက်မှုကုန်ကြမ်းပင်များစိုက်ပျိုး၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေသြဇာထုတ်လုပ်လျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်လျက်ရှိမှုနှင့် ကမ်းနီးငါးဖမ်းလှေများအတွက် ကန့်သတ်ချက်များကို ဖြေလျှော့ပေးစေလိုမှု၊ ထားဝယ်ဒေသတွင် MSME လုပ်ငန်းများအတွက် စက်မှုဇုန်တစ်ခုဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှထွက်ရှိသည့် ေဘာသစ်များကို သစ်အချောထည်ပစ္စည်းများထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြေလျှော့မှုများဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင်ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများ၊ ချေးငွေများ ပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ငါးလုပ်ငန်းအတွက် အဖိုးတန်သည့် ဒီရေတောများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုအပ်မှု၊ ကြိမ်လုပ်ငန်းမှလည်း ဒေသတွင်းဝင်ငွေတိုးပွားစေနိုင်သည့်အတွက် စဉ်ဆက်မပြတ်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှု၊ ဒေသတွင်းထုတ်ကုန်များအား ကူးသန်းရောင်းဝယ်မှု လွယ်ကူစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လိုအပ်သည်များကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ကုန်သွယ်

မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်မှန်ကန်စွာရရှိစေရေးအတွက် ကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**ထားဝယ်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန် ရည်ရွယ်၍ ဒေသအသီးသီးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် လိုက်လံတွေ့ဆုံနေခြင်းဖြစ်ပြီး တင်ပြချက်များအပေါ်မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ယခင်က နိုင်ငံတွင် စီးပွားရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ကြပြီး အဆင်ပြေခဲ့သည်များရှိသကဲ့သို့ မအောင်မြင်ခဲ့သည်များလည်းရှိခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် လျှောက်လှမ်းဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ကုန်သွယ်မှုလိုငွေများ များစွာပြခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာရှိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသုံးငွေများကို ပြည်ပချေးငွေ၊ ထောက်ပံ့ငွေများနှင့် Non-Trade များမှရရှိသည့် နိုင်ငံခြားငွေများမှ သုံးစွဲနိုင်သည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် အခက်အခဲများစွာရှိခဲ့ပြီး ၎င်းတို့ကိုကျော်လွှား၍ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းများလည်းပတ်မှု စဉ်ဆက်မပြတ်စေရေး ကိုဗစ်-၁၉ ကာလအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်သည်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင် ပြည်တွင်းစားသုံးမှု၌ ထိခိုက်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် ခိုင်မာသေချာမှုအရှိဆုံးသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်ဖြစ်ကြောင်း။

**ဒေသနှင့်ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကိုမြှင့်တင်**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများစွာရှိပြီး အဆိုပါရော်ဘာထုတ်ကုန်များကို အသုံးပြု၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအတွက် တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလူသုံးပစ္စည်းအမျိုးမျိုးကို နည်းပညာအသုံးပြုကာ ပြည်တွင်း၌ အဆင့်မီထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအကျိုးကို ပိုမိုဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားပြည်တွင်းမှ

> **အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိ၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ထားဝယ်ဒေသသို့ မီးရထားလမ်းဖောက်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိ၊ နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်။**

ထွက်ရှိသည့်ကုန်ကြမ်းများကိုအသုံးပြုပြီး လူသုံးကုန်ပစ္စည်းများ ကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစီးပွားရေးကို မြှင့်တင်အားပေးနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဝါး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကိုလည်း စက်ကျုပျော့ဖတ်အပါအဝင် အခြားလူသုံးကုန်၊ ကုန်ချောပစ္စည်းအမျိုးမျိုးကို အဆင့်မီထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဆိုပါက MSME လုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထားဝယ်ခရိုင်အတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုခြင်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ခိုင်မာမှုအရှိဆုံးသော စီးပွားရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ရေထွက်သယံဇာတများအား ထုတ်ယူခြင်းအပြင် ငါးမွေးမြူရေးလုပ်ငန်းကိုလည်း အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များမှ တိရစ္ဆာန်အစာများထုတ်လုပ်၍ အခြားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် သားရေများဖြင့် သားရေနှင့်ပတ်သက်သည့် သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်၍ရနိုင်ကြောင်း၊ အုန်းစိုက်ပျိုး၍ရသည့်နေရာများစွာရှိပြီးဖြစ်သဖြင့် အုန်းစိုက်ပျိုးမှုများဆောင်ရွက်ပြီး အုန်းထွက်ပစ္စည်းများကို အဆင့်မီထုတ်လုပ်၍ရနိုင်ကြောင်း၊ ထို့ကြောင့် ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကိုအသုံးပြုပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း။

**ကုန်ကြမ်းပစ္စည်း၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ ရရှိရန်လိုအပ်**

အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကုန်ကြမ်းများ၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ထုတ်လုပ်သည့် ပစ္စည်းများဈေးကွက်ရရှိစေရေးအတွက် ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရန်နှင့် သေသပ်ကောင်းမွန်ပြီးဆွဲဆောင်မှုရှိသည့် ထုပ်ပိုးမှုပုံစံလည်းရှိရမည်ဖြစ်ကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ထားသည့် အတိုးနှုန်းများဖြင့် ချေးငွေများထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများရရှိရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန်လိုအပ်ကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့်နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကိုအလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း။

**ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး**

ထားဝယ်ဒေသသို့ နယ်စပ်မှတစ်ဆင့် ပြည်ပခရီးသွားများဝင်ရောက်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေးကို ဒေသတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံများက တာဝန်သိစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နယ်မြေတည်ငြိမ်အေးချမ်းမှသာလျှင် ဒေသသို့လာရောက်သူများ များပြားလာမည်ဖြစ်သည့်အတွက် နယ်မြေဒေသအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိမ်သာမှသာလျှင် ညှော်လာမည်ဖြစ်သဖြင့် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းဆောင်ရွက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ထားဝယ်ဒေသသို့ မီးရထားလမ်းဖောက်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိကြောင်း။

စက်သုံးဆီသုံးစွဲမှုများကိုလည်း လျှော့ချစေလိုပြီး စက်သုံးဆီများကို ပြည်ပမှတင်သွင်းနေရခြင်းဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲရကြောင်း၊ လျှပ်စစ်စွမ်းအား အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက စက်သုံးဆီသုံးစွဲနေရမှုများကိုလည်း များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေး တိုးတက်လာသည်ကိုတွေ့ရှိရပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ပံ့ပိုးမှုများကိုလည်း နိုင်ငံတော်မှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများတိုးတက်စေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

■ ■ ■

# ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

## ( ၄ - ၁၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အနောက်မြောက်ဘက်(၁၇)မိုင်ခန့်အကွာ နဘူးလယ်ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်ရန် နှောင့်နှေးကြန့်ကြာခဲ့ရမှု၊ စီးပွားရေးဇုန်နယ်နိမိတ်အတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ကျန် ဆိပ်ခံတံတားများ၊ စက်ရုံများ၊ အဆောက်အဦများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် နိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအတွက်လည်း အထောက်အကူဖြစ်စေကြောင်း၊ ဗီယက်နမ်နိုင်ငံမှဆိပ်ကမ်းအား အရှေ့အာရှနိုင်ငံများမှအသုံးပြု၍ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ပို့ဆောင်ပြီး တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသသို့လည်းကောင်း၊ အနောက်ဘက်ဒေသနိုင်ငံများမှ ထားဝယ်ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ အာရှအရှေ့ပိုင်းထိ ပို့ဆောင်နိုင်သဖြင့်အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ စီမံကိန်းအတွင်း ယခင်ကတည်းက

လျာထားဆောင်ရွက်ခဲ့သည့် တည်ဆောက်ပြီး အဆောက်အဦများအား ပျက်စီးမှုမရှိစေရေးနှင့် ရေရှည်တည်တံ့စေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုသည့်အခြေအနေများ၊ သက်ဆိုင်ရာကော်မတီမှတစ်ဆင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဖြေရှင်းပြီးအောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည့်အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး စီမံကိန်းအကွက်ချပုံစံငယ်အားကြည့်ရှုကာ လိုအပ်သည်များမှာကြားဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်းလျာထားသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

■ ■ ■

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအားတွေ့ဆုံပြောကြားသည့်အမှာစကား

( ၄ - ၁၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံစနစ်များပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဦးစွာရှင်းလင်းပြောကြားသည်။

## ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး ကြိုးပမ်းတည်ဆောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိအချိန်တွင် နိုင်ငံတော်၏တာဝန်များကိုပါ တာဝန်ယူထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်နေရကြောင်း၊ စွမ်းရည်ရှိသည့်တပ်မတော်ဖြစ်ရေးအတွက် တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း၏စွမ်းရည်များတိုးတက်အောင် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီ

လက်နက်ကိရိယာများပိုင်ဆိုင်နိုင်ရေးနှင့် ကျွမ်းကျင်စွာအသုံးပြုတတ်စေရေး ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေးအတွက်ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး အမြဲမပြတ်ကြိုးပမ်းတည်ဆောက်နေရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲ လူ့စွမ်းအားအရင်းအမြစ်များနှင့် လက်နက်ကိရိယာများကို စွမ်းရည်စွမ်းပကားမြင့်မားနေစေရေး၊ ခေတ်နှင့်လျော်ညီသည့် စွမ်းရည်စွမ်းအားရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများ၊ တာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်တိုးတက်လာနိုင်မည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိ အမြဲရှိနေရန်လည်းလိုအပ်မည်ဖြစ်ကြောင်း။

**စနစ်ကျနသည့် နေထိုင်သွားလာစားသောက်မှုပုံစံရှိရမည်**

တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်းစီအလိုက်အဆင့်နှင့်လျော်ညီစွာ နေထိုင်စားသောက်နိုင်ရေး နေရေး၊ ဝတ်ရေး၊ စားရေးတို့အပြင် အခြားအုပ်ချုပ်မှုဆိုင်ရာအခက်အခဲများ အဆင်ပြေချောမွေ့စေရေး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့်စစ်သည်များအနေဖြင့်လည်း မိမိတို့ရသင့်ရထိုက်သည့်အခွင့်အရေးများရရှိစေရေးနှင့် ရရှိလာသည့်အခွင့်အရေးများနှင့် ရပိုင်ခွင့်များကိုထိန်းထိန်းသိမ်းသိမ်းဖြင့် စနစ်တကျသုံးစွဲကြစေလိုကြောင်း၊ စားရေးနှင့်ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဦးချင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ဝင်ငွေနှင့် ထွက်ငွေများကိုလည်း မျှတစွာသုံးစွဲရန်လိုအပ်မည်ဖြစ်ပြီး မလိုလားအပ်သော ငွေကုန်ကြေးကျမှုများမရှိစေရေး စနစ်တကျသုံးစွဲစေလိုကြောင်း။

**ပညာရေးအလေးပေးဆောင်ရွက်**

ထို့ပြင် မိမိတို့တစ်ဦးချင်း၏ အသိပညာမြင့်မားစေရေးအတွက် ဗဟုသုတဖြစ်စေနိုင်မည့် စာပေများကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်သကဲ့သို့ မိမိတို့၏သားသမီးများကိုလည်း ပညာရေးအားပေးကြရမည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းပါက အသိအမြင်အားနည်းမည်ဖြစ်ပြီး မိမိတို့၏လူမှုစီးပွားဘဝတိုးတက်ရေးတွင် အခက်အခဲများဖြစ်ပေါ်နိုင်မည်ဖြစ်သဖြင့် မိမိတို့၏သားသမီးများအပေါ်ကောင်းမွန်သည့် ပညာအမွေပေးနိုင်ရမည်ဖြစ်ကြောင်း၊ အတန်းပညာမြင့်မားစေရေးသာမက အသိပညာမြင့်မားစေရေးအတွက်လည်း ဖတ်သင့်ဖတ်ထိုက်သည့် သိသင့်သိထိုက်သည့်စာပေများ၊ အသိအမြင်များကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အသိအမြင်များပေးနိုင်ရေးအတွက် မိမိတို့၏ တစ်ဦးချင်းကလည်း အသိပညာတိုးပွားစေရေးစာပေဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး မိမိတို့သားသမီးများကို မိမိတို့ထက်သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်းထမ်းဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်နှင့်ကျေပွန်စွာထမ်းဆောင်ရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက်ဟူသည့် စိတ်ကိုအမြဲတမ်းနှလုံးသွင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏နေထိုင်ပြောဆိုလုပ်ကိုင်မှု စည်းကမ်းစနစ်တကျရှိပြီးစွမ်းရည်ကောင်းမွန်မှုများမှတစ်ဆင့် မိမိတို့တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

( ၅ - ၁၁- ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၅ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**MSME လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်းနှင့် မြိတ်ခရိုင်အတွင်း

ရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် နည်းပညာဆိုင်ရာလုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြိတ်ခရိုင် ရော်ဘာလုပ်ငန်းရှင် ဦးထွန်းထွန်းဝင်း၊ မြိတ်ခရိုင်ရေလုပ်ငန်းနှင့် ပုဇွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးလှသန်း၊ မြိတ်ခရိုင်စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးမျိုးအောင်၊ မြိတ်ခရိုင် ငှက်သိုက်လုပ်ငန်းရှင် ဦးခွန်ပိုင်မျိုး၊ မြိတ်ခရိုင်ဆန်ကုန်သည်အသင်းဥက္ကဋ္ဌ ဦးထွေးဝေနှင့် တက်ရောက်လာကြသူများက ရော်ဘာထုတ်ကုန်များအား ပြည်ပနိုင်ငံများသို့တင်ပို့မှု ပိုမိုလွယ်ကူလျင်မြန်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ မြိတ်ခရိုင်အတွင်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်လျက်ရှိမှုနှင့် ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဂျင်းခရုမွေးမြူရေးလုပ်ငန်းများ မြိတ်ခရိုင်အတွင်း အောင်မြင်လျက်ရှိပြီး လုပ်ငန်းရှင်များ ပိုမိုတိုးတက်လာမှုနှင့် လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးများရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းပုလဲမွေးမြူရေး လုပ်ငန်းမှထွက်ရှိလာသည့် မှတ်ခွံကို ဒေသတွင်း၌ပင် အချောထည်ပြုလုပ်ပြီး ပြည်တွင်းပြည်ပ သို့ တင်ပို့ရောင်းချနိုင်ရေး မှတ်ခွံအချောထည်စက်ရုံတစ်ခုလည်ပတ်နိုင်ရေး လိုအပ်သည်များကူညီဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အကူအညီပေးလျက်ရှိမှု၊ MSME လုပ်ငန်းများလုပ်ဆောင်မည်ဆိုပါက သတ်မှတ်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ချေးငွေများရယူနိုင်မှု၊ နိုင်ငံတော်မှလုပ်ငန်းများအောင်မြင်စေရေးအတွက် လိုအပ်သည်များ ပံ့ပိုးပေးသွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းအလိုက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုအပ်မှုနှင့် ချေးငွေများကိုလည်း မှန်မှန်ကန်ကန်ဖြင့် ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ နိုင်ငံတော်မှချေးငွေများကို အကြောင်းအရာအသီးသီးအလိုက် ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါချေးငွေများပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏လည်းပတ်သုံးစွဲငွေများပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ချေးငွေများကို သတ်မှတ်ကာလအလိုက် အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ မြိတ်ခရိုင်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ ဆောင်ရွက်လျက်ပြီး ထပ်မံလာရောက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာရှိမှု၊ ကျေးလက်ဒေသရှိ ပြည်သူလူထုများဝင်ငွေရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သည့် နည်းပညာနှင့် စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးရေးတောင်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် သစ်တောဖုံးလွှမ်းမှု ဒုတိယအများဆုံးဖြစ်သည်ကိုတွေ့ရှိရပြီး ငါးသယံဇာတအတွက် အလွန်အရေးကြီးသည့် ဒီရေတောများကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုအပ်မှု၊ ဒေသတွင်းငါးပုစွန်မွေးမြူရေးလုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်ကိုတွေ့ရှိရပြီး ယခုထက်ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိမှုစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းရှိ ပုစွန်မွေးမြူရေးလုပ်ငန်းများ၏ ပုစွန်သားဖောက်ခြင်း၊ အစာစပ်ခြင်းအတွက် နည်းပညာများရရှိရေးနှင့် ပုစွန်ထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းဆန်ဖူလုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအရထိခိုက်ခဲ့ရမှုများကို ကုစားနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီမှုရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေး ဆောင်ရွက်နေခြင်းဖြစ်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို တတ်နိုင် သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ လုပ်ငန်းရှင်များနှင့် လှည့်လည် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်။**

လုပ်ဆောင်လျက်ရှိသည့်အခြေ အနေများကို ဆွေးနွေး ပြောကြားသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးအားပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ကမ္ဘာ ပေါ်ရှိ နိုင်ငံတိုင်းအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့် လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့်ကာလများအတွင်း နိုင်ငံတိုင်း၌ ကိုယ်စီအခက်အခဲများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်မူ ကိုဗစ်-၁၉ရောဂါဖြစ်ပေါ်ခဲ့သည့် အခက်အခဲများသာမက နိုင်ငံရေးအခက်အခဲများနှင့်လည်း ကြုံတွေ့ခဲ့ရပြီး စီးပွားရေး အခက်အခဲများဖြစ်ပေါ်ခဲ့ရကြောင်း၊ ထိုအချိန်တွင် နိုင်ငံ၏ စီးပွားရေးပျက်ယွင်းစေရန် နိုင်ငံရေးအရထိုးနှက်တိုက်ခိုက် မှုများ၊ ငွေကြေးလည်ပတ်သုံးစွဲမှုများကို ထိခိုက်စေရန် ဘဏ်စနစ်ပြိုလဲအောင်ဆောင်ရွက်မှုများ၊ စက်ရုံအလုပ်ရုံ များ ရပ်တန့်စေရန်ဆောင်ရွက်မှုများရှိခဲ့ပြီး မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲအကျပ်အတည်းများစွာကြား မှ နိုင်ငံကို အဘက်ဘက်မှတိုးတက်အောင်ဆောင်ရွက် ခဲ့ရကြောင်း၊ ကိုဗစ်-၁၉ဖြစ်ပွားမှုကာလ အကျပ်အတည်း ကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲညီညီပူး ပေါင်း၍ အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့သည်ကို တွေ့ ရှိရမည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းဆောင်ရွက်ခဲ့မှုကြောင့် သာ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအရထိခိုက်ခဲ့ရမှုများကို ကုစား နိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် မိမိတို့ နိုင်ငံနှင့်ကိုက်ညီမှုရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် လုပ်ငန်းရှင် များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင် ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ငန်းရှင်များနှင့် လှည့်လည်တွေ့ ဆုံဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်း များကို အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိက ဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် ကိုဗစ်-၁၉ရောဂါ ဖြစ်ပေါ်ခဲ့ချိန်တွင် စားသောက်ကုန်များပြတ်လပ်မှုမရှိခဲ့ ကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍လည်း အခက်အခဲများကြားမှ ဆောင်ရွက်နေရလျက်ရှိပြီး နိုင်ငံရေး ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက် မှုပင်ဖြစ်ကြောင်း၊ ယခင်အစိုးရများလက်ထက်တွင် ပြည်ပ မှထောက်ပံ့ငွေနှင့် ချေးငွေများရရှိခဲ့သော်လည်း မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်ပမှထောက်ပံ့ငွေနှင့် ချေးငွေများရရှိခြင်းမရှိကြောင်း၊ ထိုသို့သော အခက်အခဲများ ကြားမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် နိုင်ငံစီးပွားရေးမှာ တိုးတက်သင့်သလောက် တိုးတက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင် ရွက်၍ ပြည်တွင်းစီးပွားမြှင့်တင်ခြင်းကို ဆောင်ရွက်နိုင် ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်ပမှထောက်ပံ့ကူညီမှု များကိုသာ မှီခိုအားထားခဲ့သည့် နိုင်ငံများအနေဖြင့် စီးပွားရေးအခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ ကြောင့် မိမိတို့အနေဖြင့် မိမိတို့နိုင်ငံအတွက် အခြေခိုင် ပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန် ထုတ်လုပ်ငန်းများကို ယခုထက်အောင်မြင်အောင်ဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့် တင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး MSME

လုပ်ငန်းများသည် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများကို အဆင့်မီစွာဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

အောင်မြင်သည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုများအဆင့်မီအောင်ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေးပိုမိုကောင်းမွန်ရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားကဏ္ဍများပါဝင်ပြီး ထုတ်လုပ်မှုရှိမှသာ ရောင်းဝယ်မှုရှိမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများစဉ်ဆက်မပြတ်ရရှိနိုင်မှသာလည်း ခိုင်မာသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချို့နေရာများတွင် ကုန်ကြမ်းပစ္စည်းများရှားပါးမှု၊ ပြည်ပနိုင်ငံများမှ တင်သွင်းရန်ခက်ခဲမှုများကိုတင်ပြကြကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသတွင်းနှင့် နိုင်ငံတွင်းမှထွက်ရှိသည့်ကုန်ကြမ်းပစ္စည်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက ခိုင်မာသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန်လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ ဒေသအတွင်းစားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးဆီကို ပြည်ပမှတင်သွင်းနေရခြင်းမှ ပြည်တွင်းလိုအပ်ချက်ပိုလျှံသည်အထိ ထုတ်လုပ်၍ပြည်ပသို့ပြန်လည်တင်ပို့နိုင်သည်အထိ ရောက်ရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ရော်ဘာထုတ်လုပ်ခြင်းနှင့်ပတ်သက်၍လည်း ရော်ဘာကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများတွင် ရော်ဘာနှင့်ပတ်သက်၍ လူသုံးပစ္စည်းထုတ်လုပ်မှုများများစွာဆောင်ရွက်နိုင်ကြောင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူဆောင်ရွက်ခြင်းဖြင့် အသားထွက်ရှိမှုအပြင် ထွက်ရှိလာသည့်သားရေများဖြင့်လည်း သားရေထည်လုပ်ငန်းများကိုဆောင်ရွက်၍ရကြောင်း၊ ဒေသအတွင်း ဆန်ဖူလုံမှုရှိစေရေး စပါးအထွက်နှုန်းများ တိုးတက်မှုရှိအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ လယ်ယာမြေများကိုအခြားနည်းဖြင့်သုံးစွဲခြင်းများမပြုလုပ်စေလိုကြောင်း၊ ဒေသတွင်းစားရေးဖူလုံမှုရှိပါက အခြားဒေသမှ ဝယ်ယူစားသုံးရခြင်းမပြုရသည့်အတွက် ဒေသတွင်းငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသားစိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းကို အားပေးကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် မြေဩဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ ထွက်ရှိလာသည့်ဇီဝမြေဩဇာများကိုအကျိုးရှိစွာအသုံးချရန်လိုကြောင်း။

မြိတ်ဒေသတွင် မြစ်ချောင်းများပေါများခြင်းကြောင့် ဘဲမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်အောင်မြင်အောင်ဆောင်ရွက်၍ တန်ဖိုးမြှင့်ကုန်ပစ္စည်းများကို ထုတ်

**စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ ရေများရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန် လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်း စိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဒေသအတွင်း စားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်။**

လုပ်နိုင်ကြောင်း၊ အလားတူ ကြက်၊ ဝက်နှင့် နွားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျမွေးမြူ၍ အထွက်နှုန်းကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် MSME ကုန်ထုတ်လုပ်မှုများကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ မွေးမြူ ရေးထွက်ကုန်များ ပေါများလာမည်ဆိုပါက စားသောက်ကုန်များ ဈေးနှုန်းကျဆင်းလာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး နိုင်ငံတော်မှစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ခွင့်ပြုထားပြီးဖြစ်သော်လည်း လက်နက်ကိုင်အဖွဲ့အစည်းများ၏နှောင့်ယှက်မှုများကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းများကြောင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ အရေးကြီးပြီး မြိတ်ဒေသတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကိုလည်း နိုင်ငံတော်မှ အတတ်နိုင်ဆုံးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့ကိုယ်တိုင်လည်း တတ်နိုင်သမျှရင်းနှီးမြှုပ်နှံ၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ပြည်ပထောက်ပံ့ငွေများ၊ ချေးငွေများနှင့် Non Trade များမှရရှိသည့် နိုင်ငံခြားငွေများဖြင့် အဓိကဖြည့်ဆည်းသုံးစွဲခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ကျဆင်းနေသည့် စီးပွားရေးပြန်လည်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်၍ ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများလည်း လိုအပ်ကြောင်း၊ Skill Labour များရရှိရန်အတွက် ပညာရည်မြင့်မားသူများလိုအပ်သဖြင့် မြိတ်ဒေသတွင်လည်း ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လူသားအရင်းအမြစ်များလုံလောက်စွာရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးသည် သစ်တောဖုံးလွှမ်းမှုများပြားပြီး ငါးသယံဇာတအတွက် အရေးကြီးသည့် ဒီရေတောဖုံးလွှမ်းမှုတွင်လည်း ကမ္ဘာ့အဆင့် ၃ နေရာတွင်ရှိကာ ရေသယံဇာတများပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကြောင့် ဒီရေတောများကို ထိခိုက်မှုမရှိအောင်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့်အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြမည်ဆိုပါကလာမည့်နှစ်များအတွင်း မြိတ်ဒေသသည် များစွာတိုးတက်ပြောင်းလဲလာမည်ဟုယုံကြည်ကြောင်း၊ထို့ကြောင့် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် တိုင်းပြည်၏စီးပွားဖွံ့ဖြိုးတိုးတက်သည်အထိ အားလုံးမှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

■ ■ ■

# ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သျှရီမဟာလက်ချ်မီးမယ်တော်ကြီး ဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံး ပွဲတော်တစ်ခုဖြစ်သော ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား

( ၆ – ၁၁– ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သျှရီမဟာလက်ချ်မီးမယ်တော်ကြီးဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံး ပွဲတော်တစ်ခုဖြစ်သော ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်သည်။

## တက်ရောက်

အဆိုပါအခမ်းအနားသို့ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Listopadov Nikolai Alexandrovich၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းနှင့်တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ဗဟိုအကျိုးတော်ဆောင်၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့်တာဝန်ရှိသူများ၊ မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှတာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်ကြီးများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

## ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကျောင်းအတွင်းရှိမဟာဗောဓိညောင်ပင်ရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်သည်။ ထို့နောက် သျှရီမဟာလက်ချ်မီးမယ်တော်ကြီးရုပ်ထုအား ဟိန္ဒူရိုးရာ

ဒီပါဝလီပွဲတော်ကျင်းပရာကာလအနေအားဖြင့် မြန်မာ့ရိုးရာရာသီခွင်နှင့်အညီ သီတင်းကျွတ်လကွယ်နေ့ကို သတ်မှတ်ထားသည်ကို သိရှိရ၊ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့်ပွဲတော်ဖြစ်ပြီး ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်သည်ကို သိရှိရ၊ ဒီပါဝလီပွဲတော်သည် "ကဏှ" ဟုခေါ်သည့် မကောင်းမှုအင်အားစုကို "ကလျာဏ" ဟုခေါ်သည့် ကောင်းမှုအင်အားစုကအနိုင်ရပြီး "အဝိဇ္ဇာ" တည်းဟူသော အသိဉာဏ်ကင်းမဲ့မှုအမှောင်ထုကိုပယ်ခွင်း၍ "ဝိဇ္ဇာ" တည်းဟူသော အသိဉာဏ်အလင်းကို ဆောင်နိုင်ခြင်း၊ "အဓမ္မ" ဟူသည့် မှားယွင်းသည့်သဘောတရားများကို "ဓမ္မ" ဟူသည့် သစ္စာတရားကအနိုင်ယူလိုက်ခြင်းတို့၏ အထိမ်းအမှတ်ဖြစ်သည်ကို သိရှိရ။

အစဉ်အလာနှင့်အညီ ပူဇော်ကြသည်။

ဆက်လက်ပြီး အခမ်းအနားအစီအစဉ်အရ ဟိန္ဒူရိုးရာအစဉ်အလာများနှင့်အညီ ပူဇော်ကန်တော့ခြင်းများ ဆောင်ရွက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့အား ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ဟိန္ဒူရိုးရာထုံးတမ်းစဉ်လာများအရ ရိုးရာပန်းကုံးစွပ်၍ ပိုးပုဝါ ခြုံထည်ဖြင့် ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ပွဲတော်ကျင်းပပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်ကျင်းပရာကာလအနေအားဖြင့် မြန်မာ့ရိုးရာ ရာသီခွင်နှင့်အညီ သီတင်းကျွတ်လကွယ်နေ့ကိုသတ်မှတ်ထားသည်ကို သိရှိရပါကြောင်း၊ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့်ပွဲတော်ဖြစ်ပြီး ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်သည်ကို သိရှိရပါကြောင်း၊ ဒီပါဝလီပွဲတော်သည် "ကဏှ" ဟုခေါ်သည့် မကောင်းမှုအင်အားစုကို "ကလျာဏ" ဟုခေါ်သည့်ကောင်းမှုအင်အားစုကအနိုင်ရပြီး "အဝိဇ္ဇာ" တည်းဟူသော အသိဉာဏ်ကင်းမဲ့မှုအမှောင်ထုကိုပယ်ခွင်း၍ "ဝိဇ္ဇာ" တည်းဟူသော အသိဉာဏ်အလင်းကို ဆောင်နိုင်ခြင်း၊ "အဓမ္မ" ဟူသည့် မှားယွင်းသည့်သဘောတရားများကို "ဓမ္မ" ဟူသည့် သစ္စာတရားကအနိုင်ယူလိုက်ခြင်းတို့၏ အထိမ်းအမှတ်ဖြစ်သည်ကို သိရှိရပါကြောင်း။

**လေ့လာမှတ်သားရ**

ထို့အပြင် ဒီပါဝလီဟူသည့် စကားလုံးအသုံးအနှုန်းသည် "ဒီပ" နှင့် "အာဝလိ" ဟူသော ပါဠိဘာသာစကားနှစ်ခုကိုပေါင်းစပ်ထားခြင်းဖြစ်ပြီး အဓိပ္ပာယ်အားဖြင့် ဆီမီးအလင်းရောင်များတန်းစီလျက် အဆန်းတကျယ် အသွယ်သွယ် စီချယ်ထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ကို လေ့လာမှတ်သားရပါကြောင်း၊ ဒီပါဝလီပွဲတော်၏ နောက်ခံသမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့် ဒဿဂီရိမင်းအား နှိမ်နင်းပြီးနောက် စစ်ပွဲမှနှစ်သမ္မ မည်သည့်အခါမှ အရှုံးမရှိသည့် အယုဒ္ဓယနေပြည်တော်သို့ပြန်လည်ဝင်ရောက်လာသည့် အချိန်အခါသမယသည် သီတင်းကျွတ်လကွယ် မှောင်မိုက်နေသောညအချိန်အခါဖြစ်၍ ဆီမီးများထွန်းညှိကာ ရာမမင်းမြတ်ကို ဆီမီးအလင်းရောင်ဖြင့် ကြိုဆိုပူဇော်ကြရာမှ ဒီပါဝလီပွဲတော်ကို စတင်ခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း။

သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလအတွင်း၌

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ မီးထွန်းပွဲတော်နှင့် ဟိန္ဒူဘာသာဝင်တို့၏ နက္ခတ်သဘင် ဆီမီးထွန်းညှိပူဇော်မှု အစဉ်အလာများသည် အဖြစ်အပျက်အကြောင်းခံ ရည်ရွယ်ချက်မတူညီကြသော်လည်း ဆီမီးထွန်းပွဲတော်ကျင်းပမှုတူညီနေသည်ကို တွေ့ရှိနိုင်ပါကြောင်း။

**အသိအမှတ်ပြုပြဋ္ဌာန်းထား**

မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ ပုဒ်မ-၃၆၂ တွင် "နိုင်ငံတော်သည် ခရစ်ယာန် ဘာသာသာသနာ၊ အစ္စလာမ် ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ကိုးကွယ်ရာဘာသာသာသနာများ" ဟူ၍ အသိအမှတ်ပြု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် ပုဒ်မ-၃၆၃ တွင်လည်း "နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှကူညီစောင့်ရှောက်ရမည်"ဟုလည်း ထပ်မံပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဓိကဘာသာကြီးလေးဘာသာရှိသည့်အနက် ဘာသာအသီးသီးတို့၏ ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်အကူအညီ အထောက်အပံ့များ ပေးအပ်လျက်ရှိသကဲ့သို့ ဆိုင်ရာဆိုင်ရာ အခမ်းအနားများကိုလည်း နိုင်ငံတော်အကြီးအကဲများနှင့် ပြည်ထောင်စုဝန်ကြီးများက တက်ရောက်၍အားပေးချီးမြှင့်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယုံကြည်ကိုးကွယ်မှုဘာသာတရားနှင့်ပတ်သက်ပြီး လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ကြပါကြောင်း၊ ဟိန္ဒူဘာသာသာသနာအပါအဝင် အခြားဘာသာကြီးများကို နိုင်ငံတော်ကအသိအမှတ်ပြုပြီး တတ်နိုင်သမျှကူညီစောင့်ရှောက်ပေးလျက်ရှိသည့်အတွက် ဘာသာဝင်တိုင်းသည် မိမိတို့ကိုးကွယ်ရာ ဘာသာတရားအလျောက်ကျင်းပကြသည့် ဘာသာရေးပွဲတော်များကို အနှစ်သာရရှိရှိ ကျင်းပပြုလုပ်နိုင်ခြင်းသည် ကောင်းမြတ်သည့်အစဉ်အလာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဘာသာကြီးလေးခုမှ စိတ်သဘောထားတူညီသူများ စုစည်းကြပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် အမြဲတမ်းအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအတွက် အခြေခံမူလေးချက်ဖြစ်သည့် ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာနေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး၊ ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ကြရန်၊ ဘာသာရေးနှင့်ဆက်နွှယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန် စသည့် ကောင်းမြတ်သည့် အခြေခံမူများချမှတ်ပြီး ဆောင်ရွက်နေကြသည်ဟု သိရှိရပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအနေဖြင့် အဆိုပါကောင်းမြတ်သည့် အခြေခံမူများနှင့်အညီ ဘာသာကြီးလေးခု၏ ချစ်ကြည်ညီညွတ်မှုကို ဝိုင်းဝန်းကူညီပြီး ဆက်လက်အကောင်အထည်ဖော်ကြစေလိုကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားအချင်းချင်း၊ လူမျိုးအချင်းချင်း

**မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကိုအခြေခံပြီး လူသားအချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန်သည်းခံခွင့်လွှတ်ခြင်း အဟိံသတရား၊ သနားကြင်နာခြင်း ကရုဏာတရား စသည့် ဓမ္မအလင်းတန်းများ ဖြန့်ကျက်ဝေဖြာနိုင်ပါစေ၊ ဘာသာဝင်အသီးသီး၊ ဘာသာဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာ အလင်းရောင် လင်းလက်ကူးယှက်ကြပြီး မိမိတို့ မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားကိုရှေးရှုကြလျက် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်၍ စည်းလုံးညီညာစွာ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း တို့ကို သစ္စာရှိရှိ တာဝန်သိသိဖြင့် တိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြု။**

မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရားလေးပါးကိုလက်ကိုင်ထားပြီး မိမိတို့ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရား အဆုံးအမများကိုခံယူကြလျက် အစွန်းနှစ်ဖက်ကိုရှောင်ရှားပြီး မိမိတို့အမိနိုင်ငံတော်ကြီး၏ အကျိုးစီးပွားကို ထမ်းဆောင်နိုင်ကြပါစေကြောင်း။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကို အခြေခံပြီး လူသားအချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန် သည်းခံခွင့်လွှတ်ခြင်း အဟိံသတရား၊ သနားကြင်နာခြင်း ကရုဏာတရား စသည့် ဓမ္မအလင်းတန်းများ ဖြန့်ကျက်ဝေဖြာနိုင်ပါစေကြောင်း၊ ဘာသာဝင်အသီးသီး၊ ဘာသာဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာအလင်းရောင် လင်းလက်ကူးယှက်ကြပြီး မိမိတို့မှီတင်းနေထိုင်ရာမြန်မာနိုင်ငံတော်၏အကျိုးစီးပွားကိုရှေးရှုကြလျက် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်၍ စည်းလုံးညီညာစွာ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းတို့ကို သစ္စာရှိရှိ တာဝန်သိသိဖြင့် တိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းစကားပြောကြားသည်။

■ ■ ■

# Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၉ – ၁၁ – ၂၀၂၂ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ Jean Phang နော်တောင်၊ ဦးမောင်းဟာနှင့် ဦးစိုင်းလုံးဆိုင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Naypyitaw State Academy ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ယင်းနောက် ပထမထပ်ရှိ Function Hall အတွင်း Naypyitaw State Academy ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမများ၊ ကျောင်းသူများနှင့် အနုပညာရှင်များက Naypyitaw State Academy အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အဆင့်မြင့်ပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုကို မြို့တော်နေပြည်တော်တွင် ဖွင့်လှစ်နိုင်သည့်

အတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်ပါကြောင်း။

Naypyitaw State Academy ကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်နှင့် နေပြည်တော်တွင်တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ နေပြည်တော် ၈ မြို့နယ်ဖြစ်သည့် ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်များမှ ဒေသခံပြည်သူများ၏ သားသမီးများ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန် ဖြစ်ပါကြောင်း။

ထို့ပြင် ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အခြေခံသည့်သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များမွေးထုတ်ပေးရာ ဦးဆောင်တက္ကသိုလ် (The Leading University for Wisdom) ဖြစ်စေရန်အတွက် ဦးတည်ချက်ထားကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ အသိပညာအတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသည့် စိတ်ဓာတ်ကောင်းမွန်သော ပညာတတ်နိုင်ငံ့သားကောင်းရတနာမွန်များကို မွေးထုတ်ပေးသွားမည် ဖြစ်ပါကြောင်း။

**ဖော်ညွှန်းထား**

Naypyitaw State Academy အမှတ်တံဆိပ်ဆောင်ပုဒ်သည် **“ပညာဓေ အဓိပတိ”** ဟု သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆောင်ပုဒ်မှာ “ပညာသည်သာ အရှင်သခင်၊ ပညာသည်သာ အကြီးအမှူး၊ ပညာသည်သာ ဦးဆောင်သူ” ဖြစ်သည်ဟု လေးလေးနက်နက် ဖော်ညွှန်းထားခြင်းဖြစ်ပါကြောင်း၊ ပညာကိုဦးထိပ်ပန်ဆင်ကာ ပညာကိုအထွတ်အမြတ်ထားပြီး သင်ယူလေ့လာနိုင်သည့် ဌာနကြီးဖြစ်သည်ဟု ရည်ညွှန်းထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။

Naypyitaw State Academy ကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များကဲ့သို့ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၏မဟာဌာနကြီးများ ဖွဲ့စည်းထားရှိသည့်အတိုင်း ယခုတက္ကသိုလ်တွင်လည်း မဟာဌာနကြီးများ ဖွဲ့စည်းကျင့်သုံးထားသည်ကို တွေ့ရပါကြောင်း၊ မဟာဌာနကြီးများဖြစ်သည့် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာမဟာဌာနများ ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများအပြင် နေပြည်တော်ရှိဌာနဆိုင်ရာအသီးသီးမှ တာဝန်ထမ်းဆောင်နေကြသည့် ဘာသာရပ်ကျွမ်းကျင်သူပညာရှင်ကြီးများကိုပါစုစည်းပြီး တက္ကသိုလ်ကြီးတွင် အားဖြည့်သင်ကြားလေ့ကျင့်ပေးကြမည်ဖြစ်သဖြင့် များစွာအားရကျေနပ်မိပါကြောင်း။

Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင်ဘွဲ့လွန်တန်းများဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း အားတက်စရာဖြစ်ပါကြောင်း။

**၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြား**

ယနေ့ခေတ်တွင် ယခုဖွင့်လှစ်သည့် Naypyitaw State Academy ကို ထည့်သွင်းရေတွက်မည်ဆိုပါက ပညာရေးဝန်ကြီးဌာနအောက်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းနှင့် ဝန်ကြီးဌာန ၁၁ ခု၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများအပါအဝင် စုစုပေါင်း ၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ နေပြည်တော်တွင်လည်း Naypyitaw State Academy သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့်ကုသရေးတက္ကသိုလ်တို့ရှိပြီး မကြာခင်အချိန်တွင်လည်း နည်းပညာတက္ကသိုလ်အဆင့်တိုးမြှင့်မည့် တက္ကသိုလ်တစ်ခုပေါ်ထွက်လာမည်ဖြစ်၍ ပညာရေးမြို့တော်အဖြစ် လမ်းခင်းနေပြီဖြစ်ပါကြောင်း။

Naypyitaw State Academy ကို အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ထောက်ကူ

**Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ် သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်၊ ထိုပြင်ဘွဲ့လွန်တန်းများ ဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများ အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော် အတွက်လည်း အားတက်စရာဖြစ်။**

ပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ ခေတ်မီစာကြည့်တိုက်များ စသည့် လိုအပ်သော Facilities များ အပြည့်အစုံဖြည့်ဆည်း ကာ စာသင်ကောင်းပြီး အမှန်တကယ်တော်သည့် ဆရာများက သင်ကြားကာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ် များကဲ့သို့ ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်အောင် ဖွင့်လှစ်တည်ထောင်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများကိုလည်း ဉာဏ်ရည်ထက်မြက်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားသည့် အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသော ဘွဲ့ရပညာတတ်၊ ပညာရှင်ကြီးများဖြစ်အောင် သင်ကြားလေ့ကျင့်မွေးထုတ် ပေးသွားမည်ဖြစ်ပါကြောင်း၊ အရည်အတွက်ထက် အရည်အသွေးကို ဦးစားပေးသွားရမည်ဖြစ်ပြီး နောင်တွင်အရည်အသွေးမြင့်မားသည့်ပညာရှင်များ အရေအတွက်များများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

တစ်ဆက်တည်းပြောကြားလိုသည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ အနည်းဆုံးတက္ကသိုလ်တစ်ခုတွင် ပါရဂူဘွဲ့ချီးမြှင့်သည့် သင်တန်းတစ်ခုအနည်းဆုံးဖွင့်လှစ်ရန်နှင့် ယင်းပါရဂူဘွဲ့သင်တန်းဖွင့်လှစ်သည့် တက္ကသိုလ်တစ်ခုစီကိုလည်း တက္ကသိုလ်အင်္ဂါရပ်များ ပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

အဆိုပါ ပါရဂူတန်းဖွင့်လှစ်သည့် တက္ကသိုလ်ကြီးများသည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရေး ကြိုးပမ်းသွားကြရန်နှင့် လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းက အရှေ့တောင်အာရှတွင် ဂုဏ်သတင်းကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်ကဲ့သို့ တက္ကသိုလ်အဆင့်အတန်းအထိ မြင့်မားတိုးတက်အောင် ကြိုးစားအားထုတ်ကြရန် တာဝန်ရှိသူအဆင့်ဆင့်နှင့် ဆရာ၊ ဆရာမများအားလုံးကို တိုက်တွန်းပြောကြားလိုပါကြောင်း။

**တွဲဖက်သင်ကြားပေးမည်**

နိုင်ငံသားတိုင်း လူတန်းစေ့နေထိုင်ရှင်သန်နိုင်ရန်အတွက် အနည်းဆုံး အတတ်ပညာတစ်ခုခုကို တတ်ထားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ တွင် အထက်တန်းကျောင်းတစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာပညာရပ်များကို တွဲဖက်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ အလားတူ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားသည့်ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်များ၌ အဆင့်မြင့်ပညာရပ်များကို ဆက်လက်လေ့လာဆည်းပူးနိုင်မည်ဖြစ်ပါကြောင်း။

**"ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများဖြင့်အစပြု"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာရှင်ဆရာ၊ ဆရာမများက ပညာရေးတိုးတက်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှသာ သင်ယူသူ ကျောင်းသား၊ ကျောင်းသူများကလည်း ပညာရေးတိုးတက်မည်ဖြစ်ပါကြောင်း၊ "ဆရာကောင်း တပည့်ပန်းကောင်းပန်" ဆိုသည့်မြန်မာ့ဆိုရိုးအတိုင်း အရည်အချင်းပြည့်ဝပြီး ဘက်စုံထူးချွန်သည့် ဆရာကျင့်ဝတ်နှင့်ညီညွတ်သော ဆရာ၊ ဆရာမများနှင့်သာ မိမိတို့တပည့်များကို လူတော်လူကောင်းဖြစ်ပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် လူငယ်များဖြစ်အောင် မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

နေပြည်တော်၌ Naypyitaw State Academy ဖွင့်လှစ်ပြီးအဆင့်မြင့်ပညာရေးအတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း ပညာအဆင့်မြင့်သည်ထက် မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ပြီး မြန်မာ့ပညာရေးကို မြှင့်တင်ပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်မှဖွင့်လှစ်ပေးသည့် Naypyitaw State Academy တွင် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကိုသင်ယူပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားကြရန်၊ ယခုတက္ကသိုလ်ကြီးက ပညာရှင်ပညာတတ်များ စဉ်ဆက်မပြတ်မွေးထုတ်ပြီး အနာဂတ်ခေါင်းဆောင်များ၊ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာအောင်ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံအကျိုးပြုသင်ကြားလေ့ကျင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ Naypyitaw State Academy ကြီး အဆင့်မြင့်သည်ထက်မြင့်၊ ကောင်းသည်ထက်ကောင်းပြီး ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီးတစ်ခုအဖြစ် တက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၂ - ၁၁ - ၂၀၂၂ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၂ ရက် နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jean Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က နေပြည်တော်နည်းပညာတက္ကသိုလ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်နည်းပညာတက္ကသိုလ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး နေပြည်တော်ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် စုဝေးခန်းမအတွင်း နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှယိမ်းအဖွဲ့က တက္ကသိုလ်နန်းတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ်တစ်ခုကို မြို့တော်

နေပြည်တော်တွင်ဖွင့်လှစ်နိုင်သည့်အတွက် ထူးခြားလေးနက်မှုများနှင့်အတူ ကျက်သရေမင်္ဂလာရှိသည့်နေ့တစ်နေ့လည်းဖြစ်ပါကြောင်း။

**ဖွင့်လှစ်ပေးရခြင်းဖြစ်**

နေပြည်တော် ဒေသခံပြည်သူများ၏ သားသမီးများနှင့် အနယ်နယ်အရပ်ရပ်မှ ထူးချွန်ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ကြား၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိစေရန်၊ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကိုအထောက်အကူပြုနိုင်စေရန်ရည်ရွယ်ပြီး နိုင်ငံအတွက် အကျိုးကျေးဇူးများစွာကိုမျှော်လင့်ပြီး နေပြည်တော်နည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း။

ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်များကဲ့သို့ အဆင့်မြင့်တက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး အစိုးရနည်းပညာကောလိပ် (နေပြည်တော်) ကို နေပြည်တော်နည်းပညာတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းတည်ထောင်ပေးထားခြင်းဖြစ်ပါကြောင်း။

လက်ရှိနည်းပညာတက္ကသိုလ်များတွင် ဖွင့်လှစ်နေသည့်ဘွဲ့သင်တန်း ၂၆ ခုအနက်က လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သည့် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရောနစ်အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ အလုပ်အကိုင်အခွင့်အလမ်းအများဆုံးပေးနိုင်သည့် သုတနည်းပညာဘာသာရပ်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ဗိသုကာဘာသာရပ်များကို သင်ကြားပေးရန်အတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန် လိုအပ်လျက်ရှိသည်ကို ဆန်းစစ်ချက်များအရသိရှိရပါကြောင်း၊ ထို့ကြောင့် အခုဖွင့်လှစ်သည့် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် နိုင်ငံတော်အတွက်လိုအပ်နေသည့် အင်ဂျင်နီယာပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်ရန် လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သည့် အင်ဂျင်နီယာဘာသာရပ်ကြီး ၄ ခု၊ အလုပ်အကိုင်အခွင့်အလမ်းအများဆုံးဖြစ်သည့် သုတနည်းပညာဘာသာရပ်နှင့် ဒေသလိုအပ်ချက်အရ ဗိသုကာဘာသာရပ်အပါအဝင် စုစုပေါင်းဘာသာရပ် ၆ ခုကို အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝ သည့် ဆရာ၊ ဆရာမများ၊ ဘာသာရပ်ကျွမ်းကျင်သူပညာရှင်ကြီးများက ICT ကိုအသုံးပြုကာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း။

**ခေတ်မီစိုက်ပျိုးရေးစနစ် မရှိမဖြစ်လိုအပ်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကကုန်ထုတ်လုပ်ငန်းအဖြစ်ဆောင်ရွက်နေပြီး၊ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ခြင်းကြောင့် ခေတ်မီစိုက်ပျိုးရေးစနစ်သည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့် အင်ဂျင်နီယာနည်းပညာရပ်များသည် စိုက်ပျိုးရေးထုတ်လုပ်မြှင့်တင်မှုကို များစွာအထောက်အပံ့ ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နေပြည်တော်တွင် စိုက်ပျိုးရေးတက္ကသိုလ်ရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် နောင်လာမည့်ပညာသင်နှစ်များတွင် စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်းကိုလည်း တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် (၂၀၂၂–

> နေပြည်တော် ဒေသခံပြည်သူများ၏ သားသမီးများနှင့် အနယ်နယ်အရပ်ရပ်မှ ထူးချွန်ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ကြား၊ သင်ယူမှုအခွင့်အလမ်းများပိုမိုရရှိစေရန်၊ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိစေရန်၊ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်ပြီး နိုင်ငံအတွက် အကျိုးကျေးဇူးများစွာကို မျှော်လင့်ပြီး နေပြည်တော်နည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်ပေးရခြင်းဖြစ်။

၂၀၂၃)ပညာသင်နှစ်၏ ပထမနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ်တိုးချဲ့၍ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်လိုအပ်သည့် အရည်အသွေးမြင့်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ကြီးပေါ်ထွက် ရှင်သန်လာတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ထိထိရောက်ရောက်သင်ကြားပေးသွားမည်**

နေပြည်တော်နည်းပညာတက္ကသိုလ်ကိုအရည်အသွေးမြင့်မားသည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ ခေတ်မီစာကြည့်တိုက်များစသည့် လိုအပ်သော Facilities များ အပြည့်အစုံ ဖြည့်ဆည်းပေးထားပြီး သင်ကြားသင်ယူမှုအထောက်အကူပြုစနစ် (Learning Management System – LMS)ကို အသုံးပြုကာ ထိထိရောက်ရောက်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ သင်ကြားသင်ယူမှုအထောက်အကူပြုစနစ် (LMS)ဆိုသည်မှာ ပညာရပ်ဆိုင်ရာသင်ခန်းစာများ၊ သင်တန်းအစီအစဉ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲခြင်း၊ သင်ကြားသင်ယူမှုများကို လေ့လာဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း စသည်များကို အလိုအလျောက်လုပ်ဆောင်ပေးသည့် Application Software တစ်ခုဖြစ်ပါကြောင်း။

LMS ကို နိုင်ငံတကာရှိတက္ကသိုလ်များ၊ ကျောင်းများမှာ ကျောင်းသား၊ ကျောင်းသူတိုင်း၏သင်ကြားရေးနှင့် သက်ဆိုင်သည့်ဆောင်ရွက်မှုတိုင်းအတွက် Learning Portal အဖြစ် အသုံးပြုလျက်ရှိပြီး ယနေ့အချိန်အခါတွင် LMS အခြေခံ Online Learning ကို တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်ပါကြောင်း၊ နေပြည်တော်နည်းပညာတက္ကသိုလ်တွင်လည်း LMS အသုံးပြုပြီး သင်ကြားသင်ယူမှုလုပ်ငန်းများ၊ စာမေးပွဲစစ်ဆေးခြင်း၊ လေ့ကျင့်ခြင်းစသည်များကိုဆောင်ရွက်ပြီး သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ Information and Communication Technology (ICT) အခြေပြု သင်ကြားသည့်တက္ကသိုလ်ကြီးတစ်ခုအဖြစ် တိုးမြှင့်ဖွဲ့စည်းတည်ထောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများကိုလည်း လေ့လာသိရှိမှုစွမ်းရည်၊ ဝေဖန်ပိုင်းခြားနိုင်မှုစွမ်းရည်၊ လုပ်ဆောင်နိုင်မှုစွမ်းရည်များပြည့်ဝသည့် အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များဖြစ်အောင် သင်ကြားလေ့ကျင့်မွေးထုတ်ပေးသွားမှာဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်စေရန်မှာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည်အရေးကြီးသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရန်ကလည်း အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ ထာဝရအစွန့်ရှည်တည်တံ့ရှင်သန်နိုင်ရေးအတွက် မြင့်မားသည့်ပညာစွမ်းရည်နှင့် စွမ်းအားများကို တည်ဆောက်နေကြရမည်ဖြစ်သည့်အပြင် မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတတ်သည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်များရှိရန်လည်း အထူးလိုအပ်သည်ကို ပြောကြားလိုပါကြောင်း။

**အထောက်အကူပြုစေနိုင်မည်**

နေပြည်တော်ကောင်စီနယ်မြေတွင် နည်းပညာတက္ကသိုလ်တစ်ခုကိုယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏မြို့တော်ဂုဏ်အင်္ဂါရပ်နှင့် ကိုက်ညီပြည့်စုံစေပြီး နိုင်ငံတော်အတွက်လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း။

နေပြည်တော်နည်းပညာတက္ကသိုလ်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပြီး တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများက စေတနာ၊ ဝါသနာ၊ အနစ်နာ စသည့်ကောင်းမွန်မြင့်မြတ်သော အရင်းခံစိတ်ဓာတ်များဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း နိုင်ငံတော်ကဖွင့်လှစ်ပေးသည့် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် အဆင့်အတန်းမြင့်မားသည့်ပညာရပ်များကိုသင်ယူပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားနိုင်ကြမည့် ပညာပြည့်ဝနှလုံးလှသည့် အတတ်ပညာရှင် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားလေ့လာသင်ယူသွားကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၁၄ - ၁၁ - ၂၀၂၂ )






ယနေ့ကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲသည် နိုင်ငံတော်ကချမှတ်ထားသည့် "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်ကို တပ်မတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အပိုင်းရှိတာဝန်ရှိသူများက လိုအပ်သည့်ဖြည့်ဆည်းမှုများကို စီမံဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တပ်မတော်သားအားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကစားသမားကောင်းစိတ်ဓာတ် အပြင် အဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းဆောင်ရွက်တတ်ခြင်း စိတ်ဓာတ်များကို မွေးမြူသွားရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဝင်ဘာလ ၁၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား၌ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း

အဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြ မှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစား အသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ဖွင့်ပွဲစာတမ်းပါ မိုးပျံပူဖောင်း များအား ဖဲကြိုးဖြတ်၍ လွှတ်တင်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမား များ၏ အလေးပြုခြင်းကိုခံယူသည်။

**အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲ အမှာစကားပြောကြားရာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပလာခဲ့သော် လည်း လွန်ခဲ့သည့်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါ ကူး စက်မှုနှုန်းမြင့်မားမှုများကြောင့် ရပ်နားထားခဲ့ရကြောင်း၊ ယနေ့အချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာ တစ်ခုထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ယခုပြိုင်ပွဲ ကြီးကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည် ကျင်းပပေးခြင်းပင်ဖြစ်ကြောင်း။

ယခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲတွင် အားကစားနည်း (၁၀) မျိုးကို ယှဉ်ပြိုင်သွား ကြမည်ဖြစ်ပြီး အဆိုပါအားကစားနည်းများသည် မိမိတို့ တပ်မတော်သားများ၏ ကိုယ်ကာယကြံ့ခိုင်မှု၊ ဇွဲသတ္တိရှိ မှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ညွှန်းသည့်ပြိုင်ပွဲတစ်ခု လည်း ဖြစ်ကြောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အား ကစားပြိုင်ပွဲများမှတစ်ဆင့် ထူးချွန်သည့် အားကစား သမားများကို နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစား သမားများအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပ သည့်ပွဲ ဖြစ်သောကြောင့် မိမိတို့တွင်ရှိသည့် အစွမ်းအစ များကို အကောင်းဆုံးအသုံးချယှဉ်ပြိုင်သွားကြရန် ဦးစွာ တိုက်တွန်း မှာကြားလိုကြောင်း။

**ကြိုးစားသွားကြရမည်**

မိမိတို့တပ်မတော်အနေဖြင့် တပ်မတော်အားကစား နှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့နှင့်တပ်မတော်အားကစား ကော်မတီများကိုဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ တပ်မတော် သားအားကစားသမားများ၏အရည်အသွေးများ ပိုမို ထက်မြက်လာစေရန်နှင့် အားကစားကိုဝါသနာပါသည့် တပ်မတော်သားများ စနစ်တကျလေ့လာနိုင်စေရေး အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော် အနေဖြင့် အားကစားနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေ ရေးနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အသင်း များတွင်သွေးသစ်လောင်းနိုင်သည့်မျိုးဆက်သစ်အားကစား သမားများကို မွေးထုတ်ပေးနိုင်ရေး နှစ်စဉ်အားကစား ပြက္ခဒိန်ကိုရေးဆွဲပြီး တိုင်းစစ်ဌာနချုပ်များအလိုက် ပြိုင်ပွဲ များကို ကျင်းပစေလျက်ရှိကြောင်း၊ အားကစားမြှင့်တင် ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သောကြောင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစား ကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင်ကြိုးစားပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများ ဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

> အားကစားဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် ၆ ချက်အပေါ်တွင် မူတည်လျက်ရှိသော ကြောင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေ အောင် ကြိုးစားသွားကြရမည်ဖြစ်၊ ထို့အပြင် မိမိတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချ ယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်။

အားကစားပြုလုပ်ခြင်းကြောင့်ရရှိသည့် ပထမဆုံး အကျိုးကျေးဇူးသည် မိမိတို့၏တစ်ကိုယ်ရည်ကျန်းမာရေး ကောင်းကျိုးပင်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အသင်းအဖွဲ့နှင့် ကစားရသည့်ပြိုင်ပွဲများတွင် အချင်းချင်းစည်းလုံး ညီညွတ်မှုကို ဖြစ်ပေါ်စေပြီး စုပေါင်းစိတ်ဓာတ်ကိုရရှိစေခဲ့ကြောင်း၊ ယနေ့ကျင်းပသည့်ပြိုင်ပွဲများမှ အားကစားနည်းများသည် တပ်မတော်သားများနှင့်ကိုက်ညီသည့် အားကစားနည်းများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြရသည့် မိမိတို့တပ်မတော်သားများသည် ကျန်းမာကြံ့ခိုင်မှုအမြဲပြည့်ဝနေရန်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာအောင်နေသန်စွမ်းအောင်လေ့ကျင့်ဟူသည့်အတိုင်း စားသောက်နေထိုင်မှုကို ဂရုပြုနေထိုင်ကြရမည့်အပြင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် သက်လုံပြည့်ဝမှုရရှိစေရေးအတွက် နည်းစနစ်မှန်ကန်စွာ စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

အားကစားဆိုသည်မှာ ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကိုမြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာနေပြီကို ပြောကြားလိုကြောင်း၊ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကိုအလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့်ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်ကြောင်း၊ အားကစားသမားကောင်းတစ်ယောက်၏အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်စေခဲ့ကြောင်း။

**ကျန်းမာကြံ့ခိုင်မှု အမြဲပြည့်ဝနေရန်**

ယနေ့ကျင်းပမည့် ပြိုင်ပွဲဝင်အားကစားများအနက် ပြိုင်ပွဲဝင်အားကစားတစ်မျိုးဖြစ်သည့် မြန်မာ့သိုင်းပညာရပ်သည် မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်မှု၊ ရဲရင့်ဖျတ်လတ်မှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုများကိုပြသသည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း၊ အတိတ်ကာလက တိုင်းတစ်ပါးနယ်ချဲ့များကို ရှုပ်ရှုပ်ချွံချွံခုခံတွန်းလှန်ခဲ့သည့် မြန်မာ့သမိုင်းတွင် မြန်မာ့ခံရေးအစွမ်းသည် အရေးပါသည့်အခန်းကဏ္ဍကပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း မြန်မာ့သိုင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်ကစပြီး ထည့်သွင်းယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍတွင် အမျိုးသားများနည်းတူ ပါရမီဖြည့်ဖက်များ၏ကဏ္ဍသည်လည်း အရေးပါလျက်ရှိခြင်းကြောင့် ပြေးခုန်ပစ်၊ ဂျူဒို၊ ဘော်လီဘော၊ သေနတ်ပစ် စသည့်ပြိုင်ပွဲများတွင် အမျိုးသမီးပွဲစဉ်များကိုပါ ထည့်သွင်းယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရဲမေတစ်ဦးသည် ဂျူဒိုအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး တပ်မတော်သားများသာမက ပါရမီဖြည့်ဖက်ရဲမေများ၏ စွမ်းရည်များကိုပါ မြင်တွေ့ခဲ့ရသောကြောင့် အလွန်ပင်ဝမ်းသာဂုဏ်ယူကြောင်း။

တပ်မတော်အနေဖြင့် တိုင်းပြည်၏အားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး တပ်မတော်ဘောလုံးအကယ်ဒမီ သင်တန်းကို ၂၀၁၅ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဆိုပါက သင်တန်းအမှတ်စဉ် (၃) ထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အားကစားဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် ၆ ချက်အပေါ်တွင် မူတည်လျက်ရှိသောကြောင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေအောင်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးမှတစ်ဆင့် မိမိတို့၏ အရည်အချင်းများကိုဖော်ထုတ်ပြီး အောင်မြင်မှုရရှိသူများဖြစ်အောင်ကြိုးစားကြရန်၊ အားကစားကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဟူသည့် အသိတရားမွေးမြူပြီး မလျှော့သောဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်သွားကြရန်၊ အတိတ်ကနိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစား

သမားများ၏ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြ လက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစားရန်၊ စစ်သားကောင်း၊ အားကစားသမားကောင်းပီသသည့် စိတ်ဓာတ်များဖြင့် တပ်မတော်နှင့်နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းတွေဖြစ်အောင်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၃ - ၁၁ - ၂၀၂၂ )




၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို နိုဝင်ဘာလ ၂၃ ရက် နံနက်ပိုင်း တွင် နေပြည်တော်ရှိအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆုနှင်းသဘင်အထိမ်းအမှတ်ပြခန်းရှိ ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် “စာပေစွမ်းအား ကလောင်အားဖြင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ” Video Clip ကို ကြည့်ရှုကြသည်။

**နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်၌ မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာအတွက် ကလောင်အစွမ်းဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကိုအလေးအမြတ်ဂုဏ်ပြုပြီး စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ်က စတင်ကျင်းပလာခဲ့သည်မှာ ယခုအခါနှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊

ယခုကဲ့သို့ အစဉ်အလာကြီးမားပြီး ထူးမြတ်သည့် ယနေ့ စာပေဆုနှင်းသဘင်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း။

မိမိတို့မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ယခုမျက်မှောက်ခေတ်အထိဆိုပါက နှစ်ပေါင်း ၁၀၀၀ နီးပါး သက်တမ်းရှိပြီဖြစ်ပါကြောင်း၊ မြန်မာစာပေ၌ အစောဆုံး စာပေအရေးအသားအဖြစ် သက္ကရာဇ်အခိုင်အမာပါရှိသည့် ရာဇကုမာရ်ကျောက်စာကို ရည်ညွှန်းကြပါကြောင်း၊ မိမိတို့မြန်မာစာပေလောကကြီး နှစ်ပေါင်းကြာရှည်ရပ်တည်နိုင်ခြင်းသည် ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်များ၊ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများ၏ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးမှု၊ ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပုဂ္ဂိုလ်ကြီးများ၏ကျေးဇူးကို ချီးကျူးဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအဝန်း နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် "စာဆိုတော်နေ့" အခမ်းအနားကို ကျင်းပခဲ့ကြခြင်းဖြစ်ပါကြောင်း။

စာဆိုတော်နေ့ဖြစ်ပေါ်လာပုံကို လေ့လာကြည့်သည့်အခါ ဂျပန်ခေတ်တွင် ပညာတံခွန်အသင်းက ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများ ကိုဆောင်ရွက်နေစဉ် "စာဆိုတော်ကြီး ဦးပုညနေ့" ကျင်းပ ရန်စီစဉ်ခဲ့ကြပါကြောင်း၊ ရန်ကုန်မြို့မှာရှိသည့် ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သည့်နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပသင့်သည်ဟု အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်တွင် အစည်းအဝေးကျင်းပပြီး နှစ်စဉ် နတ်တော်လဆန်း ၁ ရက်၌ "မြန်မာစာဆိုတော်နေ့" ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရပါ ကြောင်း၊ ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) တွင် စတင်ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင် အဆိုပါအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ၇၈ နှစ်ကြာခဲ့ပြီဖြစ်ပါကြောင်း။

**အထင်အရှား ကျန်ရစ်ခဲ့**

စာပေသည် "ခေတ်ရဲ့ကြေးမုံ" ဟု ပညာရှိများက ကမ္ပည်းတပ်ကြပါကြောင်း၊ မြန်မာစာပေသမိုင်းတွင် နန်းသုံးတော်ဝင်စာပေများအပြင် ကျေးလက်ပြည်သူအလွှာစုံအထိ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက်၏ကြေးမုံပြင်တွင် အထင်အရှားကျန်ရစ်ခဲ့ပါကြောင်း မြန်မာစာပေလောကရှင်သန်ဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းကြရာတွင် စာပေကိုပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာ ရှင်ကြီးများကို အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏စေတနာသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆု စသဖြင့်စာဆိုတော်ကြီးများကို ဆုများပေးအပ်၍ ချီးကျူးဂုဏ်ပြုခြင်း၊ စာရေးဆရာအသင်းအဖွဲ့များဖွဲ့စည်းပြီး စာပေလှုပ်ရှားမှုများပြုလုပ်ခြင်း၊ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲများပြုလုပ်ခြင်းတို့သည်လည်း မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများဖြစ်ကြပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရကလည်း မြန်မာ့ယဉ်ကျေးမှုအနုပညာ အသီးသီးဖြာထွက်ရာ ပင်မမဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်ကိုးပြီး စာဆိုတော်ကြီးများ၏ စာပေလက်ရာမွန်များကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိသည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်ပါကြောင်း။

**ပြောင်းလဲချီးမြှင့်ခဲ့**

စာပေဆုများတွင် နိုင်ငံတော်အဆင့် အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေဆုကို ၁၉၄၈ ခုနှစ်က စတင်ပြီး အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ "စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု" မှ "စာပေဗိမာန်ဆု"၊ "အနုပညာစာပေဆိုင်ရာဆု"၊ "အမျိုးသားစာပေဆု" စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲ

ချီးမြှင့်ခဲ့ပါကြောင်း၊ ဆုချီးမြှင့်မည့်ဘာသာရပ်များကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့်ဘာသာရပ် ၁၉ မျိုး ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကို အသိအမှတ်ပြု ချီးမြှောက်သည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု" ကို ၂၀၀၁ ခုနှစ်တွင်စတင်၍ ချီးမြှင့်ခဲ့ပါကြောင်း၊ ၎င်းအပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိသည့်ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်အဖြစ်ထုတ်ဝေပေးရန်နှင့် ဆုချီးမြှင့်နိုင်ရေးရည်ရွယ်ပြီး ပြိုင်ပွဲဝင်စနစ်ဖြင့် "စာပေဗိမာန်စာမူဆု" အဖြစ်ရွေးချယ်ပြီး ဘာသာရပ် ၁၄ မျိုးအထိ ဆုချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် အမျိုးသားစာပေဆုအတွက် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၆၆ အုပ်ထဲမှ ဘာသာရပ် ၁၉ ခုအနက် ဘာသာရပ် ၉ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၆၂ စောင်အနက် ဘာသာရပ် ၁၄ ခုထဲမှ ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၈ ခုကို ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင်ကြီးလေးဦးသည်လည်း မိမိတို့ဘဝတစ်လျှောက်လုံး စာပေလောကထဲတွင်နှစ်မြှုပ်ပြီး နိုင်ငံအတွက်၊ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသ စာပေများကို တစိုက်မတ်မတ်ရေးဖွဲ့ခဲ့ကြသူများဖြစ်ပါကြောင်း၊ ယခုစာပေပညာရှင်ကြီးများ၏ စာပေလက်ရာများသည် မြန်မာစာပေလောကဖွံ့ဖြိုးရေးတွင် အထောက်အကူဖြစ်စေရုံသာမက "စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း၊ နိုင်ငံနှင့် လူမျိုးအကျိုး မြင့်တင်ပေးနေသည့်အတွက် ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုချီးမြှောက်ခွင့်ရသဖြင့်များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**စာပေအဆင့်အတန်းမီ**

၂၀၂၁ ခုနှစ်အတွက် စာပေဆုရရှိခဲ့ကြသည့် စာရေးသူများနှင့် စာအုပ်များကိုကြည့်မည်ဆိုပါကလည်း ကလောင်နှ၊ ကလောင်လတ်၊ ကလောင်ရင့်တို့ပါဝင်ကြပြီး အတွေးစုံ၊ အမြင်စုံ၊ ရသစုံစွာ စာပေအဆင့်အတန်းမီအောင် ရေးဖွဲ့ထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင် နိုင်ငံသိစာရေးဆရာကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်အရာရှိများ၊ အငြိမ်းစားဝန်ထမ်းများ ပါဝင်ကြသကဲ့သို့ ဝါသနာကိုအရင်းတည်ပြီး မွေ့လျော်ရာ စာပေနယ်ကိုတိုးဝင်ရန် ကြိုးပမ်းလာကြသည့် စာပေဝါသနာရှင်များ ဆုဆွတ်ခူးရရှိခဲ့ကြသည်ကို တွေ့ရသဖြင့် ကျေနပ်အားရဖြစ်မိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများသည်အရေးပါသကဲ့သို့ ဉာဏပစ္စည်းဆိုင်ရာများကလည်း ထပ်တူအရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို

> **စာပေသည် "ခေတ်ရဲ့ကြေးမုံ" ဟု ပညာရှိများက ကမ္ပည်းတပ်ကြ၊ မြန်မာစာပေသမိုင်းတွင် နန်းသုံးတော်ဝင်စာပေများအပြင် ကျေးလက်ပြည်သူအလွှာစုံအထိ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက်၏ကြေးမုံပြင်တွင် အထင်အရှားကျန်ရစ်ခဲ့၊ မြန်မစာပေလောက ရှင်သန်ဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းကြရာတွင် စာပေကိုပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်ကြီးများကို အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏စေတနာသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိ။**

အကဲဖြတ်ရာတွင် အဓိကအခြေခံထားကြပါကြောင်း၊ နိုင်ငံတော်ကိုစိုးမိုးအုပ်ချုပ်ခဲ့ကြသည့် မြန်မာမင်းများ လက်ထက်မှစပြီး နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် စာပေအနုပညာယဉ်ကျေးမှုနယ်ပယ်မှ စာပေနှင့်အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှောက်ခဲ့ကြပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ၂၀၂၂ ခုနှစ်၊ မတ်လတွင် စာပေနှင့် အနုပညာနယ်ပယ်က ထူးချွန်သူ ၂၅ ဦး၊ ၂၀၂၂ ခုနှစ်၊ ဧပြီလမှာ ၈ ဦးနှင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှာကျရောက်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့တွင် ၇ ဦးတို့ကို အလင်္ကာကျော်စွာဘွဲ့များ ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ အလင်္ကာကျော်စွာဘွဲ့ကို စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများအား ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရအပြီး ပါလီမန်ခေတ်ကစ၍ ယနေ့မျက်မှောက်ခေတ်ကာလအထိ အလင်္ကာကျော်စွာဘွဲ့ရရှိသူပေါင်း ၆၄ ဦးရှိပြီဖြစ်ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များထဲတွင် စာပေပညာရှင်များအဖြစ် တစ်သက်တာစာပေဆုရဆရာကြီး၊ ဆရာမကြီး ၁၉ ဦးလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများကို စဉ်ဆက်မပြတ် ချီးမြှင့်သွားမည်လည်းဖြစ်ပါကြောင်း။

ထို့ပြင် စာပေအနုပညာနယ်ပယ်၌ ခေတ်အဆက်ဆက်က မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေအနုပညာရှင်စာရေးဆရာတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အစိုးရလက်ထက်တွင်လည်း အနုပညာနယ်ပယ်အသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် "အနုပညာဗဟိုဌာန အဆောက်အဦ (Art Centre)" များနှင့် စာပေလောကသားများ စုစည်းဆောင်ရွက်စေရန်နှင့် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်အတွက် "စာဆိုဗိမာန်"ကိုလည်း တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခုအခါ မိမိတို့နိုင်ငံတွင် ပြည်သူလူထု၏ဆန္ဒဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို အရှိန်အဟုန်ဖြင့် ချီတက်နေသည့် အချိန်ဖြစ်ပါကြောင်း၊ အောင်မြင်မှုပန်းတိုင်ကိုရောက်ရှိနိုင်ရန်အတွက် မိမိတို့နိုင်ငံသားများ၏ အထူးသဖြင့် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များဖြစ်ကြမည့် လူငယ်များ၏ အတွေးအခေါ်၊ အသိပညာတိုးတက်ဖွံ့ဖြိုးအောင် ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန် မီဒီယာများပေါင်းစည်းဆောင်ရွက်မှုကဏ္ဍ ဖွံ့ဖြိုးရန်လည်းလိုအပ်ပါကြောင်း။

လူမှုရေးဦးတည်ချက် သုံးရပ်ဖြစ်သည့် "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး" "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" စသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရန်မှာ စာပေပညာရှင်ကြီးများ အပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် အနုပညာရှင်အသီးသီး၏ စစ်မှန်ကောင်းမွန်သည့် စွမ်းဆောင်မှုများက များစွာထိရောက်အောင်မြင်စေမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

**အဖိုးတန်ဆုံးသောအသိပညာ**

ယနေ့ကဲ့သို့ ပညာခေတ်တွင် ရုပ်ဝတ္ထုများဘက်ပေါင်းစုံက အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်နှင့်အညီ အဆိုပါရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် မိမိတို့လူသားများ၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရပါကြောင်း၊ လူများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာပင်ဖြစ်ပါကြောင်း၊ အသိပညာကို အတွေ့အကြုံနှင့် စာပေကရနိုင်သည့်အတွက် လူတိုင်း စာဖတ်သင့်ကြောင်း ရှေးအဆက်ဆက်ပညာရှိများက မှာကြားခဲ့သကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အားလုံးတို့၏တူညီသောမြွက်ဟမှု

သည်လည်း "စာဖတ်တယ်" ဆိုသည့် စကားပင်ဖြစ်ပါကြောင်း၊ လူတိုင်းသည် ကိုယ်တွေ့ဖြင့်သာ မည်သည့်အလုပ်၊ မည်သည့်အကြောင်းအရာကိုမျှ ကုန်စင်အောင်မသိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိများ၊ အတွေးများကို စုစည်းထားသည့် စာအုပ်စာပေများကိုဖတ်ကြမှသာ လုံလောက်သည့် အသိပညာအလိမ္မာကို ရရှိစေမည်ဖြစ်ပါကြောင်း။

**တိုက်တွန်းမှာကြား**

တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်စကားအတိုင်း နိုင်ငံကောင်းရာကောင်းကျိုးအတွက် တိုင်းရင်းသားလုပ်သားပြည်သူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆစသည့် ပြည်သူများ၏ ရပ်တည်လုပ်ဆောင်မှုကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများအားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံကြီးသည် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

စာပေပညာရှင်ကြီးများ၊ သတင်းစာပညာရှင်ကြီးများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် စာပေရေးသားခြင်းလုပ်ငန်းများ၊ သတင်းစာပညာရပ်များနှင့် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်မဖြစ်စေဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်အကျိုးကို ဦးတည်ဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့အခမ်းအနားသည် မိမိတို့၏ဝါသနာကိုအခြေခံပြီး စိတ်ကောင်းစေတနာထပ်ဆင့်လောင်းကာ နိုင်ငံအတွက် စာပေတာဝန်များကိုကျေပွန်စွာ ကြိုးစားထမ်းဆောင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုသည့်အခမ်းအနားဖြစ်သဖြင့် မိမိတို့အားလုံးသည် ဆုချီးမြှင့်ခံကြရသည့် စာရေးဆရာကြီးများနည်းတူ ကြည်နူးဝမ်းသာဖြစ်ကြရပါကြောင်း၊ နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် ကလောင်စွမ်းနှင့် ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆိုများအပါအဝင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများချီးမြှင့်ပေးသည့်ဓလေ့ကို ဝါရင့်စာပေပညာရှင်တို့က ဆက်လက်သယ်ဆောင်ထိန်းသိမ်းကြပြီး "စာရေးဆရာနီတိ"ကို စောင့်ထိန်းကြသည့်၊ ခေတ်ကိုထင်ဟပ်ဖွဲ့ဆိုကြသည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်ကြသည့် မျိုးဆက်သစ်စာရေးဆရာများ၊ ကလောင်သစ်များတိုးပွားလာစေရေး ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ပူးပေါင်းပါဝင်**

ယနေ့အခမ်းအနားကို တက်ရောက်အားပေးကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေဆုရရှိသူများ၊ စာပေပညာရှင်ကြီးများ၊ အထူးသဖြင့်ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်စေရန် အချိန်ကုန်၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် စာပေဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာပေပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တက်ညီလက်ညီပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

■ ■ ■

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

## ( ၂၄ - ၁၁ - ၂၀၂၂ )




ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ကို နိုဝင်ဘာလ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး ၂/၂၀၂၂ တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို အတည်ပြုပေးရန်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ အတည်ပြုထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြနိုင်ရေးအတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ပြည်ထောင်စုအဆင့်ဌာန/ အဖွဲ့ အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြု ငွေတောင်းခံမှုများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်က ထပ်ဆင့်စိစစ်ထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီးချုပ်တို့က စိစစ်ထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့ အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုသည့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်သူများ၏လိုအပ်ချက်နှင့် တစ်ထပ်တည်းဖြစ်စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့်လုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ကျပ်ဘီလီယံ ၄၀၀ နှင့် မတည်ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကိုလည်း ထပ်မံထူထောင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဖြည့်စွက်ခွင့်ပြုငွေများ ထပ်မံခွင့်ပြုပေးခြင်းများ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို ထူထောင်ပေးခြင်းများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေးကိုပြန်လည်မြှင့်တင်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးတင်ဦးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအပေါ် ဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် အကျိုးရှိစွာအသုံးပြုရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးတို့အတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ၆ လပတ်ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် အမျိုးသားစီမံကိန်းများ၊ လုပ်ငန်းများအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ယခုဖြည့်စွက်ရန်ပုံငွေများကို လိုအပ်ချက်များအရ တောင်းခံကြခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း တောင်းခံကြသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်အပ်နှံသည့်လုပ်ငန်းများ၊ စတင်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများ၊ ရာနှုန်းပြည့်ပြီးစီးမှုမရှိသည့်လုပ်ငန်းများရှိနေသည်ကို တွေ့ရှိရကြောင်း၊ အမှန်တကယ်သုံးစွဲနိုင်ခြင်းမရှိသည့် ထုတ်ယူသုံးစွဲငွေများ များပြားနေသောကြောင့် ပြည်တွင်းချေးငွေများပြားနေခြင်းဖြစ်သဖြင့် တင်ပြတောင်းခံသည့်အတိုင်း လုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုကြောင်း။

တိုင်းပြည်ဝင်ငွေရရှိရေးအတွက် ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ရှိရင်းစွဲ မြေပေါ်မြေအောက်သဘာဝသယံဇာတအရင်းအမြစ်များကို ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျဖြင့် အကျိုးရှိရှိအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကိုအားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်မှသာလျှင် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ချွေတာသုံးစွဲရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးတွင် ရေသည်အဓိကကျသည့်အတွက် ရေသုံးစွဲမှုကို အလေ

အလွှင့်မဖြစ်စေလိုဘဲ စနစ်တကျဖြင့် အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သကဲ့သို့ ဆည်ရေကိုလည်း စနစ်တကျသုံးစွဲကြရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုကိုလည်း စနစ်တကျဖြစ်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာ ကြီးမားလာနိုင်ပြီး လိုအပ်ချက်ပြည့်မီနိုင်ရေး နိုင်ငံတော်အနေဖြင့် လျှပ်စစ်စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ လျှပ်စစ်လိုအပ်ချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သုံးစွဲသူများအနေဖြင့်လည်း အလေအလွင့်ဖြစ်စေမည့် ဓာတ်အားသုံးစွဲမှုများကို လျှော့ချကြစေလိုကြောင်း။

တစ်ဆက်တည်းတွင် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချကြစေလိုကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်လျက်ရှိကြောင်း၊ စက်သုံးဆီဝယ်ယူသုံးစွဲရာတွင်ကုန်ကျမည့် ငွေကြေးအရင်းအနှီးများကို လျှပ်စစ်စွမ်းအင်ဖြင့် အသုံးပြုသည့် Public transportation များ၌ သုံးစွဲမည်ဆိုပါက ပိုမိုအကျိုးရှိနိုင်မည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကုန်စည်များပို့ဆောင်ခြင်းနှင့် ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းခရီး၊ ကုန်းကြောင်းခရီး၊ လေကြောင်းခရီးဟူ၍ရှိပြီး ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်အသက်သာဆုံးပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် နေ့စဉ်သုံးစွဲနေသည့် စက်သုံးဆီကို တစ်ဦးချင်းအသိစိတ်ဖြင့် လျှော့ချသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေသုံးစွဲမှုကိုလည်း လျှော့ချလာနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ စိုက်ပျိုးစရိတ်ချေးငွေများ သတ်မှတ်ကာလအတွင်း ပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက အသိပညာပေး၊ စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ရမည့် ထောက်ပံ့ငွေပြောင်းလဲမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြပြီး ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အချိန်မီဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းလုံးတွင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံကြီးများအကြား စစ်ရေးနိုင်ငံရေးအားပြိုင်မှုများ၊ ကမ္ဘာ့ ရွှေဈေး၊ ရေနံဈေး မတည်ငြိမ်မှုများကတစ်ဆင့် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေဖောင်းပွမှုနှုန်းများ မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုး မြင့်တက်ခြင်း

**ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန်ပြန်လည် တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်ဖြစ်။**

ကြောင့် အခြားနိုင်ငံများ၏ ပြည်တွင်းသုံးငွေ တန်ဖိုးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်း စသည့်အခြေအနေများအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်တွေ့ကြုံရလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည်ဟူသည့်ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန်ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှကုန်ပစ္စည်းများ မှာယူတင်သွင်းနေရသည်များကို အတတ်နိုင်ဆုံးလျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို အစားထိုးသုံးစွဲနိုင်ရေးအတွက်လည်း ရည်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေအပါအဝင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မိမိတို့ကိုခွဲဝေပေးထားသည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ အကျိုးရှိရှိ ထိထိရောက်ရောက် ဖြစ်အောင်သုံးစွဲကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေများတွင် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ပုံငွေများ ခွဲဝေချထားပေးလျက်ရှိရာ လျာထားချက် အတိုင်း လုပ်ငန်းများအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာသုံးစွဲနိုင်ခြင်း ရှိ၊ မရှိတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စောင့်ကြည့်ကြီးကြပ်၍ အစီရင်ခံစာများ ပြုစုတင်ပြလျက်ရှိကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် ရန်ပုံငွေများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေများတွင် ငွေလုံးငွေရင်းအသုံးစရိတ်များကို အသီးသီးခွဲဝေလျာထား သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း ရန်ပုံငွေများကို အကျိုးရှိစွာ ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲရန်၊ လျာထားလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရန်၊ အရည်အသွေးပြည့်မီစေရန်၊ ပိုလျှံရန်ပုံငွေများနှင့် ဘဏ္ဍာနှစ်အကုန်ထိ သုံးစွဲနိုင်ခြင်းမရှိမည့် ရန်ပုံငွေများကို စောလျင်စွာ ပြန်လည်အပ်နှံရန်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တိုးမြှင့်လျာထားသည့်ရငွေများကို ပြည့်မီရုံမျှသာမက ကျော်လွန်ရရှိလာရန်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ ရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေသက်တမ်းများ တိုးမြှင့်ပေးခြင်းတို့ကို ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအခါ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ CMP လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာပြီဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရသင့်ရထိုက်သည့် အခွန်၊ အခများကို ကြိုးပမ်းကောက်ခံကြစေလိုကြောင်း၊ အခွန်ထမ်းဆောင်ရမည့် ပြည်သူများကိုလည်း အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်လာစေရေး အခွန်ဆိုင်ရာအသိပညာပေးခြင်းနှင့် အခွန်ပေးဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၂-၂၀၂၃

ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေများနှင့်အညီ အကျိုးရှိထိရောက်စွာသုံးစွဲကြပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# မန်းရွှေစက်တော်ရာဘုရား၊ စကြာပန်းတောင်းစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်နှင့် မကွေးမြသလွန်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်စဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၁၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများလိုက်ပါ၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားသို့သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းငွေနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ် ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်သို့ သွားရောက်သည့် ယာယီချောင်းကူးတံတားအား ရေအမြင့်နှင့်လျော်ညီပြီး ဘုရားရင်ပြင်တော်ထက် မမြင့်သည့် ယာယီဘေလီသံတံတားနှင့် စေတီတော်သွားလျှောက်လမ်းတစ်ခုတည်ဆောက်ရန်၊ ချောင်းရေအားသင့်တော်သည့် ရေအမြင့်ရှိစေရေး ရေထိန်းနံရံငယ်တစ်ခုတည်ဆောက်ရန်နှင့် ဘုရားပတ်ဝန်းကျင်သန့်ရှင်းသာယာ

လုပရေးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

**ကပ်လှူပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အထက်စက်တော်ရာသို့ရောက်ရှိကြပြီး ပထမရွှေစေတီတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန်းရွှေစက်တော်ဘုရားအတွင်း လှည့်လည်ကြည့်ရှုပြီး ဘုရားကြီးအား ရှေးမူမပြတ်စေဘဲ ရေရှည်တည်တံ့အောင်ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

အဆိုပါ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဘုရားဖူးလာပြည်သူများ ရာသီမရွေးလာရောက်ဖူးမြော်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဇူလိုင် လ ၁၀ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကြီးမှူး၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အမြင့် ၅ ပေ၊ အထု ၃ လက်မ၊ အလေး ချိန် ၃ တန်ရှိ အလင်းပေါက်ဖန်အုပ်ဆောင်းကို လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက ဆက် လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ သက်သာပန်းတောင်းကျေးရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက်ဝတ္ထုကံတော်အတွင်းရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်းကာ လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုသည်။ ထို့နောက် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ လယ်ကိုင်းကျေးရွာသို့ရောက်ရှိကြပြီး ရွှေပြည်အေးဘုရားနှင့် ဓမ္မာရုံပြန်လည်ပြုပြင်မွမ်းမံထားရှိမှုအခြေအနေများအားကြည့်ရှု၍ ကျေးရွာရပ်မိရပ်ဖများ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသစီးပွားရေးအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား မေးမြန်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ်သိန်း ၅၀ ကိုပေးအပ်ရာ ရပ်မိရပ်ဖ ဦးစိန်ထွန်းအောင်နှင့် ရပ်မိရပ်ဖများက လက်ခံရယူကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ရှိရှင်ပင်စက္ကိန်းတဲစေတီတော်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်းရေချမ်းကပ်လှူပူဇော်ကာ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော် ပရိဝုဏ်အတွင်းရှိ ရတနာသုခဓမ္မာရုံအတွင်း၌ မင်းဘူးမြို့နှင့် စကုမြို့တို့မှ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။ ဦးစွာရပ်မိရပ်ဖများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**အားပေးဆောင်ရွက်**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပွင့်ဖြူတွင် စိုက်ပျိုးရေးသိပ္ပံရှိပြီးဖြစ်ပြီး စကု၌ မွေးမြူရေးသိပ္ပံတစ်ခုဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်

လျက်ရှိကြောင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတမှု၊ ကုန်ထုတ်လုပ်မှုစရိတ်များကြီးမြင့်မှုတို့ကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန် ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း။

ဒေသတွင်း၌ ဆေးဝါးထုတ်ကုန်များ၊ အခြေခံလူသုံး ကုန်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှု ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပသွင်းကုန် များ လျှော့ချနိုင်ရန် လိုအပ်ကြောင်း၊ စက်သုံးဆီများကို လည်း ချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကာ ပြည်တွင်း၌ ငွေကြေးလည်ပတ်မှု အားကောင်းလာမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီများ သုံးစွဲရာတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် စား သောက်မှုပုံစံဖြင့် စားသုံးရန်လိုကြောင်း၊ အစိုးရမှကျောင်း များ၊ ကောလိပ်များ၊ တက္ကသိုလ်များကို အဆင့်ဆင့်ဖွင့်လှစ် ပေးထားပြီးဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ ပညာ ရည်မြင့်မားရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း သက်ဆိုင်ရာ ပညာရပ်များအလိုက် ပညာတတ်များပေါ်ကြွယ်ဝမှသာ လျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် ဒေသတွင်း သန့်ရှင်းသာယာလှပရေးအတွက် လည်း ဒေသခံပြည်သူလူထုနှင့် ဒေသတွင် လာရောက် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများက ဝိုင်းဝန်းဆောင် ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသသာယာလှပပြီး ဒေသ မှထွက်ရှိသည့် ဒေသထုတ်ကုန်များ နာမည်ရလာပါက ဒေသသို့လာရောက်လည်ပတ်သူများ များပြားလာမည် ဖြစ်ပြီး ဒေသတွင်း ငွေကြေးလည်ပတ်မှုအားကောင်းကာ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဆွေး နွေးပြောကြားသည်။

■ ■ ■

# တပ်မတော်ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ) သို့ သွားရောက်စစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၁၁ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က တပ်မတော်ဝါစိုက်ပျိုးရေးတပ် (ပွင့်ဖြူ) တပ်သမိုင်းအကျဉ်း၊ ရည်မှန်းချက်တာဝန်နှင့် စိုက်ပျိုးရာသီအလိုက် လုပ်ငန်းစီမံချက်ဇယားချမှတ်၍ ဆောင်ရွက်လျက်ရှိမှု၊ တပ်မတော်ဝါစိုက်ပျိုးရေးတပ် (လွန်ကျော်)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စိုက်ကေအလိုက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုးထုတ်လုပ်**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မကွေးတိုင်းဒေသကြီးသည် ဝါထွက်ရှိသည့် ဒေသတစ်ခုဖြစ်ပြီး တပ်မတော်ဝါစိုက်ပျိုးရေးတပ်များအနေဖြင့်လည်း တပ်မတော်စက်ရုံများအတွက် လိုအပ်သည့် ဝါဂွမ်းများကို ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းထားသည် နည်းပါးနေသေးသည်ကိုတွေ့ရှိရပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ကာ တပ်မတော်၏ ဝါဂွမ်းလိုအပ်ချက်ပြည့်မီအောင်ဆောင်ရွက်ရန်နှင့် ပိုလျှံစိုက်ဧကများကို မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ မြေဩဇာရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီမြေလွှာကောင်းမွန်အောင် မြေပြုပြင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးတို့ကို မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဧရိယာပတ်လည်အား အရိပ်ရလေကာပင်များစိုက်ပျိုးခြင်းအားဖြင့် စိမ်းလန်းစိုပြေရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကိုလက်တွေ့ကျကျဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား နယ်မြေခံတပ် သီဟသူရကျောင်းစံခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား

( ၂၈ - ၁၁ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာလ ၂၈ ရက် မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေး တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား နယ်မြေခံတပ်၊ သီဟသူရကျောင်းစံခန်းမ၌တွေ့ဆုံအမှာစကားပြောကြားသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီးတပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဦးစွာရှင်းလင်းပြောကြားသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် လက်ရှိအချိန်တွင် တပ်မတော်မှ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကိုထမ်းဆောင်ရလျက်ရှိပြီး ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးသည် ထိုက်သင့်သလောက်တိုးတက်လာပြီဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရတည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်ကြောင်း၊ အလားတူဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှတာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ ပပျောက်လျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်

များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအောင်တည်ဆောက်**

တပ်မတော်သားများအနေဖြင့် စည်းကမ်းတကျဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်တည်ဆောက်ရေးလုပ်ငန်းများကို ထမ်းဆောင်နေရသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် စနစ်တကျဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရှေ့တန်းတာဝန်ထမ်းဆောင်နေရသူများအနေဖြင့်လည်း ရဲဝံ့စွန့်စားစွာဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန် မိမိတို့မှစိတ်ဓာတ်ခွန်အားကောင်းအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် မိမိတို့တစ်ဦးတစ်ယောက်ချင်းဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင်ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ရပိုင်ခွင့်များအားလုံး ပြည့်ဝစွာရရှိရေး တာဝန်ရှိသူများကဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြင်ပမှဝယ်ယူစားသောက်ရမှုများလျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း၊ အထက်အောက်ရိုသေလေးစားမှုရှိအောင်ဆောင်ရွက်ပေးခြင်းနှင့် အသိပညာဗဟုသုတများရရှိစေမည့်ဆွေးနွေးပွဲ၊ ဟောပြောပွဲများပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်အောက်သံယောဇဉ်တရားများဖြစ်ပေါ်လာပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေနိုင်ကြောင်း။

**ပညာရေးအားပေးဆောင်ရွက်**

တပ်မတော်သားများအနေဖြင့် မိမိကိုယ်တိုင် စာပေလေ့လာဖတ်မှတ်ရန်လိုအပ်သကဲ့သို့ မိမိတို့၏မျိုးဆက်သစ်သားသမီးများ၏ ပညာရေးကိုလည်း ကောင်းမွန်သည့်လက်ဆင့်ကမ်းအမွေပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးချင်း၏ အရည်အသွေးမြှင့်တင်ရေးနှင့် ဘဝတိုးတက်ရေးအတွက် စစ်သားကောင်းပီသစွာဖြင့် စည်းကမ်းနှင့်အညီ နေထိုင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူအသိပညာတိုးတက်ရေးအတွက် စာပေဖတ်ရှုခြင်း၊ ဆွေးနွေးပွဲများတွင် အသိပညာဖလှယ်ခြင်းနှင့် နားထောင်ခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုမှတ်သားခြင်းမှာ မည်သည့်အခါမျှ ပြီးဆုံးသည်ဟူ၍ မရှိကြောင်း၊ အတန်းပညာမြင့်မားရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး စာပေများကိုဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ များစွာရရှိလာမည်ဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ သားသမီးများပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ အားပေးဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့၏ သား၊ သမီးများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း။

တပ်မတော်သည် စည်းကမ်းတကျဆောင်ရွက်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ရိုးရင်းစွဲအရည်အချင်းများကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် အလေးအနက်ထားဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားပီသစွာနေထိုင်ကြရန်နှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိတို့အရည်အချင်းကို မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ တစ်ဦးချင်းအရည်အချင်းများကို မြှင့်တင်ဆောင်ရွက်ပြီး မိမိတို့ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်တာဝန်များကို အောင်မြင်စွာထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ စိတ်ဓာတ်ခွန်အားရရှိရေးအတွက်လည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မကွေးမြို့၊ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

( ၂၈ – ၁၁ – ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မကွေးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များတက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသေးစားစက်မှုဇုန်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်–၁၉ ရန်ပုံငွေမှ ချေးငွေများ ပြန်လည်ပေးသွင်းလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဖိုးနီ၊

ရက်ကန်းလုပ်ငန်းရှင် ဒေါ်တင်ဌေး၊ သဘာပစလေဇီးနှင့် မန်ကျည်းအနှစ်ဖျော်ရည်လုပ်ငန်းရှင် ဒေါ်သက်စုဌေး၊ ဆီစက်လုပ်ငန်းရှင် ဦးဝင်းထွန်း၊ သောက်ရေသန့်နှင့် ဆီစက်လုပ်ငန်းရှင် ဦးမောင်မောင်လွင်နှင့် တက်ရောက်လာကြသူများက မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပမှစားအုန်းဆီတင်သွင်းမှုကိုလျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည့်သွင်းအားစုများနှင့် နည်းပညာများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသထွက်ကုန်များကို အသုံးပြုဆောင်ရွက်လျက်ရှိသည့်စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးစေလိုမှု၊ ဆန်စက်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်း၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီး တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်းတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စီးပွားရေးကျဆင်းခဲ့ရမှု၊ ကိုဗစ်-၁၉ အပါအဝင် နိုင်ငံရေးအကြပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ချေးငွေများထုတ်ချေးပေးထားမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)များဖွံ့ဖြိုးရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးအကြံပြု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် ယခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးသို့ ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး ယခင်ကထက် သိသိသာသာတိုးတက်မှုရှိလာသည်ကို အားရဖွယ်တွေ့မြင်ရကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များအရ လုပ်ငန်းများတိုးတက်မှုရှိစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးတင်ပြကြသည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက်အခြေအနေကောင်းကို ဖန်တီးရန်နှင့် မိမိတို့ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်မှသာလျှင် စီးပွားရေးလုပ်ငန်းများကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သယံဇာတပစ္စည်းများမှထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှ ထုတ်လုပ်ခြင်းဟူ၍ရှိကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်ရခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် စားသုံးမှုနှင့် ထုတ်လုပ်မှုကို မျှတအောင်ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံရှိ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ မြို့ပြ၌နေထိုင်ကြသူများအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ထွက်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယင်းလုပ်ငန်းများကိုအားပေးဆောင်ရွက်ခြင်းသည် အခြေခံကျသည့် ကျေးလက်စီးပွားရေးကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးတိုးတက်လာပါက ဝယ်လိုအားတက်လာပြီး လူမှုစီးပွားဘဝတိုးတက်လာစေ

> **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျ၊ ယင်းလုပ်ငန်းများကို အားပေး ဆောင်ရွက်ခြင်းသည် အခြေခံကျသည့် ကျေးလက်စီးပွားရေးကို မြှင့်တင်ခြင်းပင်ဖြစ်၊ ကျေးလက်စီးပွားရေးတိုးတက်လာပါက ဝယ်လိုအားတက်လာပြီး လူမှုစီးပွားဘဝ တိုးတက်လာစေမည်ဖြစ်၊**

မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုအားပေးဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စိတ်ပါဝင်စားမှုနည်းပါးကြကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်းမရှိခဲ့သောကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူချိန် ကာလမှစတင်၍ ပြည်တွင်းကုန် ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရှိခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့်လည်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲအမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစသည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ချိန်တွင် မိမိတို့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ကျော်လွှားနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထိုကဲ့သို့သော အခက်အခဲများဖြစ်ပေါ်ခဲ့သည့်ကြားမှ မကွေးတိုင်းဒေသကြီးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ MSME လုပ်ငန်းတွင် ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ရှိကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် အလုပ်အကိုင်အခွင့်အလမ်းအများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဦးဆောင်၍ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက်ဖူလုံပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ (Exporter) အဆင့်အထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ပင်၊ သစ်တောနှင့် ဝါးသယံဇာတများစွာရှိကြောင်း၊ ဝါးကို အခြေခံသည့် စက္ကူပျော့ဖတ်များထုတ်လုပ်၍ ပြည်တွင်းစက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သစ်အချောထည်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ သစ်တောထွက်ကုန်ပစ္စည်းများကို အသုံးပြု၍ ပြည်တွင်းသုံးကုန်များကို အစားထိုးနိုင်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်ကြောင်း၊ သစ်တောထွက်သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက ပြန်လည်အစားထိုးစိုက်ပျိုး

ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်တွင်း စားသုံးဆီလိုအပ်မှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ ဆီအိုးကြီးဖြစ်သော်လည်း နိုင်ငံတော်မှသတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးမှုများ အထွက်နှုန်းတိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဝါစိုက်ပျိုးမှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုလုပ်ငန်းများမှ မိမိတို့နိုင်ငံတွင် အကောင်းဆုံးသော ချည်ထည်ပစ္စည်းများထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန်တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

**ဒေသတွင်း ခရီးသွားများ ဝင်ရောက်မှုများပြားခြင်းဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည်**

မကွေးတိုင်းဒေသကြီးအတွင်း အထင်ကရနေရာများနှင့် တန်ခိုးကြီးစေတီပုထိုးများ များစွာရှိသဖြင့် တစ်နိုင်ငံလုံးမှ ဘုရားဖူးများလာရောက်ကြကြောင်း၊ မိမိတို့ဒေသသို့လာရောက်သူများ စိတ်ချမ်းမြေ့မှုရှိစေရေး မြို့ရွာများသန့်ရှင်းသာယာလှပစေရန် အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ခရီးသွားများလာရောက်မှု ပိုမိုများပြားပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ရှိသည့် ဘုရား၊ ကျောင်းကန်များအား အများပြည်သူများလာရောက်ဖူးမြော်ကြည်ညိုချိန်တွင် စိတ်ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလိုကြောင်း၊ MSME လုပ်ငန်းများတွင် ဝန်ဆောင်မှုလုပ်ငန်းသည်လည်းပါဝင်သဖြင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုက်သင့်သည့်အတိုးနှုန်းများဖြင့် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ချေးငွေများရှိသကဲ့သို့ ပုဂ္ဂလိကချေးငွေများလည်းရှိပြီး အဆိုပါချေးငွေများကိုလည်း သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ချေးငွေများထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရေနံထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စည်းစနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကိုလည်းတတ်နိုင်သမျှ ချွေတာသုံးစွဲကြစေလိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ ယခင်ကဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများအကြောင်းအမျိုးမျိုးဖြင့် ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍများ နှောင့်နှေးခဲ့ရကြောင်း။

**ပညာရေး အားပေးဆောင်ရွက်ကြရန်လို**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာတတ်မြောက်မှုအပေါ်မူတည်၍ လူတစ်ဦးချင်း၏ ဘဝရပ်တည်မှုများသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေး ဒေသတွင်းပညာတတ်များ ပေါ်များကြွယ်ဝရန်လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် တက္ကသိုလ်နှင့်ကောလိပ်များ များစွာရှိကြောင်း၊ ပညာရေးကိုအားပေးဆောင်ရွက်ခြင်းသည် မိမိတို့ဘဝကို မြှင့်တင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အလားတူ ဗဟုသုတအသိအမြင်များ တိုးပွားစေရေးအတွက် စာပေများကိုလည်း အမြဲမပြတ်ဖတ်ရှုနေရန်လိုကြောင်း၊ စာတွေ့နှင့် လက်တွေ့ကိုပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးစီးပွားကိုတိုးတက်စေမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းတိုးတက်မှုမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ နိုင်ငံတော်အဆင့်အထိ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

# (၇- ၁၁ - ၂၀၂၂ )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ကျရောက်သည့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် (၆၇) နှစ်မြောက်ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၉ မိုင်ကျယ်ဝန်းပြီး ခရိုင် (၄) ခရိုင်၊ မြို့နယ် (၇) မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်အဖြစ် တိုးမြှင့်ပေးခဲ့သည့်အတွက် ကရင်ပြည်နယ်တွင် ခရိုင်အဆင့် (၆) ခရိုင်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်လာပြီဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် သာယာလှပသောတောတောင်များ၊ လိုဏ်ဂူများ၊ မြစ်ချောင်းအင်းအိုင်၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ်ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့်ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော အခင်းအကျင်းနှင့်ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

မြေပေါ်မြေအောက်နှင့် ရေသယံဇာတများ ပြည့်ဝပေါကြွယ်ခြင်းကြောင့်လည်း ဒေသခံတိုင်းရင်းသားပြည်သူအများစု၏ လူမှုစီးပွားဘဝအဆင်ပြေကြသည်ကိုတွေ့ရပြီး ကရင်တိုင်းရင်းသားတို့၏ ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမကပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာရိုးရာဓလေ့တစ်ခုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့်ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ကရင်ပြည်နယ်အပါအဝင် တခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အတူ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက်ကိုရေးဆွဲပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက်တွင် နိုင်ငံတော်စီးပွားရေးအတွက်အရေးပါသည့် ဥပဒေမူဘောင်ခိုင်မာကောင်းမွန်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာပြန်လည်ကောင်းမွန်လာစေရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းစဉ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအပြင် နိုင်ငံတော်၏ဦးစားပေးစီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့်အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လိုက်လျောညီထွေသည့် နည်းပညာ၊ ကုန်ထုတ်လုပ်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲစေမည့်အစီအမံများကို ထည့်သွင်းရေးဆွဲပြီး အောင်မြင်အောင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကိုချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားများ၏ ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတ အနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်ခဲ့ကြပါသည်။ ထိုသို့တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာနေထိုင်လာခဲ့ကြသော်ငြားကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့်ကဏ္ဍအားလုံးကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးယန္တရားဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ Virtual တွေ့ဆုံဆွေးနွေးမှုများနှင့် တရားဝင်တွေ့ဆုံမှုများပြုလုပ်ပြီး မပြတ်ထိတွေ့ဆက်ဆံလျက်ရှိရာ မိမိတို့အစိုးရတာဝန်ယူချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉) ကြိမ်တွေ့ဆုံခဲ့ပြီး NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ယခုနှစ်တွင်လည်း နိုင်ငံတော်

၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသား အစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်– ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA–PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) တို့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ သုံးရက်တာဆွေးနွေး ညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ထို့ပြင် NCA စာချုပ်ပါအချက်အလက်များကို အမြဲလေးစားရမည့်အပြင် မေ့ပျောက်၍လည်းမရပေ။ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန်လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်အကျိုးစီးပွားကိုရှေးရှု၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံးလျှောက်လှမ်းကြရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအကျိုးစီးပွားကိုမလိုလားဘဲ ငြိမ်းချမ်းရေးကိုပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို အထူးသတိပြုကြရန်တိုက်တွန်းလိုပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဟန်ချက်ညီညီလက်တွဲဆောင်ရွက်ပြီး အားလုံး၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ ခိုင်မာအောင်တည်ဆောက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာသည့်ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူများ၏အားဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ခံယူချက်ပြည့်ဝမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များရရှိခံစားနေကြရပြီဖြစ်ပါသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီးအေးချမ်းသာယာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်သည့်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် စိန်ရတုပြည်ထောင်စုနေ့အဖြစ် နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည်လည်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် ၇၅ နှစ်တာကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏အချုပ်အခြာအာဏာပိုမိုခိုင်မာစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်များနှင့် ပြည့်စုံစေရန်အရေးကြီးသည့်အတွက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုလည်း ခမ်းနားထည်ဝါစွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ အားကြိုးမာန်တက်စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

ထို့ကြောင့် အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်သူ၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးနိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၇) နှစ်မြောက်ကရင်ပြည်နယ်နေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၇ - ၁၁ - ၂၀၂၂ )

ယနေ့မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁၀) ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွက် လွန်စွာထူးခြားလေးနက်သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ ကိုလိုနီ လက်အောက်ကျရောက်ခဲ့စဉ်က နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ် အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာဆန့်ကျင်တော်လှန် ခဲ့သည့် အထိမ်းအမှတ်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ မြန်မာ တို့၏ သမိုင်းဝင်အမျိုးသားအောင်ပွဲနေ့အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေ ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်သော မြန်မာနိုင်ငံတွင် မြန်မာဆိုသည့် ဝေါဟာရကို မြန်မာသက္ကရာဇ် ၄၅၂ ခု၊ ပုဂံခေတ် တောင်ဂူနီ ဘုရားကျောက်စာ၌စတင်တွေ့ရှိရပြီး လွန်စွာအနက် အဓိပ္ပာယ်ပြည့်ဝ၍ ထူးခြားသည့်ဝိသေသလက္ခဏာများ ပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။ မြန်မာဆိုသည်မှာ လူမျိုး တစ်မျိုးတည်း၏အမည်နာမ မဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသား လူမျိုးများအားလုံးကို ကိုယ်စားပြုဆိုလိုခြင်းဖြစ်ပါသည်။

မြန်မာတို့သည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီး ကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှတို့၏ နယ်ချဲ့စနစ်ကြောင့် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ရောက်ခဲ့ရပါသည်။ နယ်ချဲ့တို့သည် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေးတို့ကို နည်းမျိုးစုံဖြင့် ဖိနှိပ် ချုပ်ချယ်ကာ ကျွန်သက်ရှည်အောင်လုပ်ဆောင်ခဲ့ကြပါ သည်။ မြန်မာတိုင်းရင်းသားများသည် သူ့ကျွန်ဘဝမှလွတ် မြောက်ရန် မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သောစိတ် ဓာတ်တို့ဖြင့် ရာဇဝင်တွင်မော်ကွန်းတင်နိုင်သည်အထိ တွန်းလှန်ခဲ့ကြပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ကိုပြန်ကြည့်ပါက တစ်မျိုးသားလုံးနေရာစုံ၊ အလွှာစုံတို့ က တော်လှန်ခဲ့ကြသည်မှာလည်း သမိုင်းက သက်သေခံ လျက်ရှိပါသည်။ ထိုသို့နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးကြိုးပမ်းမှုများသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်များပိုမိုနိုးကြားတက်ကြွလာစေပြီး အမျိုးသားအောင်ပွဲနေ့အတွက် မျိုးစေ့ချပေးနိုင်ခဲ့သည် ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ပညာရေး စနစ်ကို အကောင်းဆုံးလက်နက်တစ်ခုအဖြစ်အသုံးချ၍ မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင်ပြုလုပ်ခဲ့ကြပါ သည်။

၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့်ဂျပ်ဆင်ကောလိပ်နှစ် ခုတို့ပါဝင်ဖွဲ့စည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့် နှစ်၊ ဒီဇင်ဘာလ (၁) ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့ပါသည်။

ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရအောင် ကန့်သတ်ထားခြင်းဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများကဆန့်ကျင်ခဲ့ကြပြီး ထိုလှုပ်ရှားမှုတွင် တစ်နိုင်ငံလုံးပါဝင်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့ကို ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ဂျူဗလီဟော၌ကျင်းပခဲ့သော ဂျီစီဘီအေ အထူးကွန်ဖရင့်က "အမျိုးသားနေ့" ဟု သတ်မှတ်ခဲ့ကြပါသည်။ ယင်းနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုအပေါ် အောင်ပွဲခံသောနေ့ဖြစ်၍ "အမျိုးသားအောင်ပွဲနေ့" ဟုလည်း ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ အမျိုးသားနေ့ကို တိုင်းရင်းသားအားလုံးတို့က အမြတ်တနိုးတန်ဖိုးထားကာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးရည်မှန်းလျက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သောစုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကိုအခြေခံလျက်ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တို့အပေါ်တွင်အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသအသီးသီးမှ သက်ဆိုင်ရာကိုယ်စားလှယ်များအား ဖိတ်ခေါ်ဆွေးနွေးကာ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏ အကျိုးကိုရှေးရှု၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ လက်ရှိကြုံတွေ့နေရသည့်အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည့်အားလျော်စွာ ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများအားလုံး ပူးပေါင်းပါဝင်ရေးမှာအရေးကြီးလှပါသည်။ နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာတတ်မြောက်သော ပညာရည်မြင့်မားသော ပညာတတ်များ၊ စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပညာရေးကလေ့ကျင့်ပျိုးထောင်ပေးသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏အနှစ်သာရများကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

သို့မှသာ ဆရာဇော်ဂျီ၏ စာပေလောက ကဗျာကဲ့သို့ – **"ကိုယ့်အားကို ကိုယ်ယုံကိုးကာပဲ့ ကိုယ့်မျိုးဂုဏ်တစ်မာန်တက်" နိုင်မည်ဖြစ်ပေသည်။ "သူကတစ်ဖြာ၊ ငါကတစ်ဖုံ၊ ထုံတတ်သည်မှာ၊ ဓမ္မတာဖြစ်သော်လည်း၊ ငါစွဲမသို့၊ ကိုယ်စွဲမထားဘဲ"** အမျိုးသားတိုးတက်ရေးကို ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ မှန်ကန်သောမျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်ကြရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ပြီး စိတ်ရင်းစေတနာကောင်းများဖြင့် တိုင်းပြည်တိုးတက်အောင်စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံသားတိုင်းက ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သော –

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး၊ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများပေါ်ထွန်းလာစေရေး၊ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင်ဆောင်ရွက်ရေးတို့အတွက် ခိုင်မြဲသောစိတ်ဓာတ်၊ မလျှော့သောဇွဲလုံ့လ၊ ကြီးမားသော ဉာဏ်ပညာတို့ဖြင့် ဆက်လက်ကြိုးပမ်းအကောင်ထည်ဖော်ဆောင်ရွက်ကြရပါမည်။

ဤသို့အနှစ်သာရပြည့်ဝပြီး ထူးခြားလေးမြတ်လှသော အမျိုးသားအောင်ပွဲနေ့အခါသမယ၌ **"နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့"** ဟူသော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ –

- ဘိုးဘွားအမွေ အမိပြည်ထောင်စုကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားကြပါရန်၊
- တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်သွားကြပါရန်၊
- အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကိုအားလုံးကကြိုးစားပြုစုပျိုးထောင်ပေးကြပါရန်၊
- ခေတ်စနစ်လိုအပ်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသော ပညာရေးစနစ်ဖြစ်ပေါ်ရေးကို ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

■ ■ ■